# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလကွယ်နေ့ | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၃၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်

## ဒေသများအလိုက် MSME ကို အခြေခံသည့်စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်၊ ထိုသို့ဆောင်ရွက်နိုင်ပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး မြို့ပြများနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများလျော့ပါးသွားမည်

နေပြည်တော် စက်တင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✪




မြန်မာ့အလင်း

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သေး၊ ငယ်၊ လတ် စီးပွားရေး လုပ်ငန်းများကို မြှင့်တင်

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးတွင် အဓိကမောင်းနှင်အား တစ်ရပ်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည့်အတွက် အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ လွန်စွာအရေးကြီးသည်။ မိမိတို့နိုင်ငံတွင် MSME (Micro, Small, Medium Enterprises) ဟုခေါ်သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း လေးသောင်းကျော်ရှိနေပြီး အဆိုပါလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များလည်း ရှိနေသည်ဟု ဆိုသည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ငွေကြေးအရင်းအနှီးနှင့် နည်းပညာဖြစ်သည်ဟု အများစုက ဆိုကြသည်။ ထို့အပြင် အခြေခံအဆောက်အအုံများ လိုအပ်ချက်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ လိုအပ်ချက်၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ လိုအပ်ချက်၊လောင်စာနှင့် စွမ်းအင်လိုအပ်ချက်၊ အခွန်အခဖြေလျှော့မှုဆိုင်ရာ လိုအပ်ချက်များနှင့် ဈေးကွက်သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်များလည်း ပါရှိသည်။ ထို့အပြင် ပြည်ပမှ တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများကလည်း ပြည်တွင်းထုတ်ကုန်များ၏ ဈေးကွက်များကို ရယူသွားသည့်အတွက် လုပ်ငန်းများရပ်ဆိုင်းသွားခဲ့ရသည်အထိ ဖြစ်ခဲ့ရသည့် MSME လုပ်ငန်းများလည်းရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၂) ကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများအနေဖြင့် အစားအစာ၊ အဖျော်ယမကာ၊ အထည်အလိပ်နှင့် အထည်၊ သားရေထွက်ကုန်ပစ္စည်း၊ သစ်အချောထည်ပစ္စည်း၊ ဆေးဝါးနှင့် ရက္ခဗေဒဆိုင်ရာပစ္စည်း၊ ရော်ဘာနှင့် ပလတ်စတစ်ဆိုင်ရာပစ္စည်း၊ သတ္တုမဟုတ်သည့် တွင်းထွက်ပစ္စည်း၊ အခြေခံသတ္တုပစ္စည်း၊ ပရိဘောဂပစ္စည်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ပစ္စည်းများထုတ်လုပ်ခြင်းကို ပထမဦးစားပေးအနေဖြင့်လည်းကောင်း၊ ဆေးရွက်ကြီးနှင့် စီးကရက်ပစ္စည်း၊ စက္ကူ၊ ရေနံစိမ်းနှင့် ကျောက်မီးသွေး၊ ဓာတုဗေဒပစ္စည်းနှင့် ဓာတုဗေဒထုတ်ကုန်၊ သတ္တုသန့်စင်ပစ္စည်းများ၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းကိရိယာများ၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်အမျိုးမျိုးနှင့် ပစ္စည်းတင်ယာဉ်အမျိုးမျိုး၊ အခြားသယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်များနှင့် အခြားပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဒုတိယဦးစားပေးအနေဖြင့်လည်းကောင်း ဦးစားပေးအလိုက် ဆောင်ရွက်သွားရန် ထည့်သွင်းပြောကြားခဲ့သည်။ MSME လုပ်ငန်းများ အောင်မြင်စေရန် ဝန်ဆောင်မှုနှင့် ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ မြန်ဆန်စွာ စီးဆင်းရေး၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့ရေးတို့ကိုပါ အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး နိုင်ငံတော်က မူဝါဒချမှတ်ကာ တွန်းအားပေးဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ MSME လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်လာနိုင်သည်နှင့်အမျှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ပြည်ပသို့ ထွက်ခွာနေမှုများကိုလည်း အတိုင်းအတာတစ်ရပ်အထိ လျော့ကျသွားစေမည်ဖြစ်သည်။ အရည်အသွေးမီ ကုန်ပစ္စည်းများကို ပြည်တွင်း MSME လုပ်ငန်းများက ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပမှ တင်သွင်းရမှုများ လျှော့ချနိုင်မည့် အကျိုးရလဒ်များ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း။ ။



# ဆော်ဒီအာရေဗျနိုင်ငံ (၉၂) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ

ရန်ကုန်  စက်တင်ဘာ ၂၃

ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၂)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Saud bin Abdullah AL-subaie က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Saud bin Abdullah AL-subaie တို့က ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၂) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Saud bin Abdullah AL-subaie က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များ ခုတင် (၁၀၀) တပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

နေပြည်တော်  စက်တင်ဘာ ၂၃

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲကွပ်ကဲမှုအဖွဲ့၊ လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး သန်းကိုဦး ဦးစီး၍ တပ်ဖွဲ့ဝင်ပေါင်း ၃၂ ဦးသည် ယနေ့ နံနက် ၉ နာရီတွင် နယ်မြေခံ ခုတင် (၁၀၀) တပ်မတော်စစ်ဆေးရုံ လောက်ကိုင်မြို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များကို ဆေးတပ်ရင်းမှူး ဗိုလ်မှူး ကျော်လင်းဦး (ခွဲ/စိတ်ပါရဂူ)က အားဖြည့်ဓာတ်စာများ ပြန်လည်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုင်းကျော်နိုင်ဦးကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့် ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်  စက်တင်ဘာ ၂၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Course ဖွင့်လှစ်မည်

သန်လျင်  စက်တင်ဘာ ၂၃

သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Course (2nd Batch) ကို ၆-၁၀-၂၀၂၂ ရက်မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်-

➢ Certificate in Business Law
Link; https://forms.gle/48axjQStY5jSo6Cf7

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link မှ တစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၃၀-၉-၂၀၂၂ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*❍ ကျောဖုံးမှ*

ထုတ်ပြန်မည်ဖြစ်ပြီး စက်တင်ဘာ နောက်ဆုံးပတ်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ကာလရှည် လေ့ကျင့်ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး ဩဂုတ်လတွင် ၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ပြီးနောက် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲအပြီးတွင် ဆက်လက်ပြင်ဆင်ခဲ့ပြီး ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL-2 ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၄၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ၁၀ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (ဃ) တွင် ဆော်ဒီအာရေဗျ၊ မော်လ်ဒိုက်၊ အိန္ဒိယ၊ ကူဝိတ်အသင်းတို့နှင့် ပါဝင်နေပြီး ယင်းအုပ်စုပွဲစဉ်များကို ဆော်ဒီအာရေဗျနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - MNL**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

❖ **တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိ၊ ပြည်ပအားကို အားကိုးခြင်းထက် ပြည်တွင်းအားဖြင့် ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်၊ ပြည်တွင်းအားဖြင့် ဆောင်ရွက်ရာတွင်လည်း အကျိုးရှိထိရောက်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်၊ တိုင်းပြည်၏ စီးပွားရေးကို ပြည်တွင်းစီးပွားရေးအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်၊ ထို့ကြောင့် ရှိပြီးသားဖြစ်သည့် အခြေခံများကို ခိုင်ခိုင်မာမာဖြစ်အောင်ဆောင်ရွက်၍ တိုးတက်အောင်မြင်အောင် ဆောင်ရွက်**

❂ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဗဟိုကော်မတီဝင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နာယကတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**၉၀ ရာခိုင်နှုန်းကျော်ခန့်ပါဝင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အစည်းအဝေးတစ်ခုဖြစ်ကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေးမပြုလုပ်နိုင်ခဲ့သော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို အမြဲမပြတ် မှာကြားခဲ့ခြင်းကြောင့် လုပ်ဆောင်နိုင်သည့် ကိစ္စရပ်များလည်း များစွာရှိခဲ့ကြောင်း၊ ယခင်က SME ဟု အသုံးပြုခဲ့သော်လည်း ယခုအခါ အဓိပ္ပာယ်ပိုမိုလေးနက်စေရေးအတွက် MSME ဟု ပြောင်းလဲသတ်မှတ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် MSME စီးပွားရေးလုပ်ငန်းများသည် ၉၀ ရာခိုင်နှုန်းကျော်ခန့် ပါဝင်လျက်ရှိသည်ကို လေ့လာချက်များအရ တွေ့ရှိရကြောင်း။

**ဦးတည်ချက် ၃ ရပ် ချမှတ်ဆောင်ရွက်**

မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့အစိုးရတာဝန်ယူပြီး နောက်ပိုင်းတွင် မူဝါဒများချမှတ်ဆောင်ရွက်ခဲ့ရာ စီးပွားရေးနှင့် ပတ်သက်၍ ဦးတည်ချက် ၃ ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ၃ ရပ်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးတို့ပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များမှ တတိယအချက်သည် နိုင်ငံတော်မှ ပြည်တွင်းစီးပွားရေးကို အားပေးကူညီရန်ဖြစ်ကြောင်း။

MSME လုပ်ငန်းများသည် ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်များကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ကျေးလက်စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် စက်မှုလုပ်ငန်းများသည် ထိရောက်သည့် စီးပွားရေးလုပ်ငန်းများပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် စက်မှုသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော်နှင့် တိုင်းရင်းဆေးပစ္စည်းများထုတ်လုပ်သည့် ပရဆေးပင်များကို စိုက်ပျိုးကြကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း အဓိကစားသုံးသော အသားငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို မွေးမြူကြကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများလည်း များစွာရှိကြောင်း၊ သစ်ပင်သစ်တောထွက်ပစ္စည်းများ၊ ထုံးကျောက်၊ သံမဏိ၊ ကျောက်မီးသွေး၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ ခဲမဖြူ၊ အဖြိုက်နက်စသည့် သယံဇာတပစ္စည်းများရှိကြောင်း၊ အဆိုပါ သယံဇာတပစ္စည်းများကို MSME ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

**အဓိကမောင်းနှင်အားဖြစ်**

MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည်ပုဂ္ဂလိကကိုဗဟိုပြုသည့်စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏ အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ သို့သော် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် လုပ်ငန်းများနှင့် လတ်တလောပုဂ္ဂလိကရင်းနှီးမှုလုပ်ဆောင်ရန်အတွက် အင်အားနည်းနေသေးသည့် လုပ်ငန်းများကို မဆုံးရှုံးစေရန်အတွက် အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို စီးပွားရေးနှင့် ပတ်သက်၍ အစိုးရမှ အချို့သောအခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရမှုများရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း နိုင်ငံ၏အခြေအနေအရ လိုအပ်သည့် အခန်းကဏ္ဍများတွင် အစိုးရအနေဖြင့် ပါဝင်ဆောင်ရွက်နေရဦးမည်ဖြစ်ကြောင်း။

**တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိ**

MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ရောင်းဝယ်ဖောက်ကားခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်ခြင်းကို အဓိကထားသည့် စီးပွားရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများဟူ၍ လေးမျိုးရှိသည်ဟု လေ့လာချက်များအရ တွေ့ရှိရကြောင်း၊ အဆိုပါအချက်များအနက် ကုန်ထုတ်လုပ်မှုကို အခြေခံသည့်လုပ်ငန်းသည် လက်တွေ့ကျသည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုမရှိပါက ရောင်းဝယ်မှုနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ မိမိတို့နိုင်ငံတွင် MSME ၏ အခြေခံဖြစ်သည့် SME ဥပဒေကို ၂၀၁၅ ခုနှစ်တွင် လွှတ်တော်၌ ပြဋ္ဌာန်းခဲ့ပြီး မူဝါဒများနှင့် နည်းဥပဒေများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို ချမှတ်ပြဋ္ဌာန်းခြင်းသည် လုပ်ငန်းများကို ခိုင်ခိုင်မာမာဆောင်ရွက်ရန်ဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများ အားနည်းခဲ့မှုကြောင့် ပြည်သူများအနေဖြင့်လည်း အထင်အမြင်လွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် ယုံကြည်မှုရရှိရန် လိုအပ်သဖြင့် MSME ကို အဓိကထား ဆွေးနွေးခြင်းပင်ဖြစ်ကြောင်း၊ မိမိ၏ စီးပွားရေးနှင့် ပတ်သက်သည့် မူဝါဒမှာ ပြည်တွင်းစီးပွားရေးကိုအားပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ပြည်ပအားကို အားကိုးခြင်းထက် ပြည်တွင်းအားဖြင့် ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း၊ ပြည်တွင်းအားဖြင့် ဆောင်ရွက်ရာတွင်လည်း အကျိုးရှိထိရောက်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ စီးပွားရေးကို ပြည်တွင်းစီးပွားရေးအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသားဖြစ်သည့် အခြေခံများကို ခိုင်ခိုင်မာမာဖြစ်အောင်ဆောင်ရွက်၍ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်**

ကုန်ထုတ်လုပ်မှုဆိုရာတွင် မိမိလေ့လာသိရှိမှုအရ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လုပ်အားတို့သည် အဓိကလိုအပ်ချက်ပင် ဖြစ်ကြောင်း၊ ကုန်ကြမ်းရှိမှသာ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အားနှင့် လောင်စာ (Power & Energy )သည်လည်း လိုအပ်ကြောင်း၊ ငွေကြေးအရင်းအနှီးများရှိမှသာ လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ကျွမ်းကျင်လုပ်သားများရှိမှသာ လုပ်ငန်းများ လည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် MSME လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကုန်ကြမ်းရရှိရန်သေချာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အခြေခံသည့် တန်ဖိုးရှိပစ္စည်း၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဒေသတွင်းရှိ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို အခြေခံသည့် တန်ဖိုးရှိနှင့် တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ခြင်းများကို အခြေခံကျကျထုတ်လုပ်ရန် လိုကြောင်း၊ မြို့ပြနှင့်ကျေးလက်ကွာဟမှု၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟမှု ကျဉ်းမြောင်းအောင် ပြုလုပ်ပေးရန် လိုအပ်သည်ကို မိမိအနေဖြင့် မကြာခဏ ပြောကြားခဲ့ကြောင်း၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကြောင့် ကျေးလက်နေပြည်သူများ မြို့ပြသို့ သွားရောက်၍ အလုပ်လုပ်ကြရကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ကွာဟချက်ကြောင့် အားနည်းသည့် ဒေသမှပြည်သူများက အားကောင်းသည့် ဒေသများကို သွားရောက်၍ အလုပ်လုပ်ကိုင်ကြကြောင်း။

**စက်မှုဇုန်များဖော်ဆောင်**

ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့သောဒေသများတွင် စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိသေးကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသနှင့် ကိုက်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ခရိုင်များတိုးချဲ့ဖွဲ့စည်းထားရာ အဓိကကျသည့် ခရိုင်များတွင် စက်မှုဇုန်များ၊ စက်မှုရပ်ကွက်များ ဖော်ဆောင်ပေးရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမည်ဆိုပါက အဆိုပါဒေသကိုအခြေခံသည့် ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုသည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ရောင်းကုန်ပစ္စည်းများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ဒေသများအလိုက် MSME ကို အခြေခံသည့်စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ပါက ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာပြီး မြို့ပြများနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများ လျော့ပါးသွားမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

# ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရမည်

## မိမိတို့ဒေသနှင့် ကိုက်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေး စက်မှုဇုန်များအကောင်အထည်ဖော်ဆောင်ရွက်

*စာမျက်နှာ ၃ မှ*

MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ရရှိရေးအတွက် မိမိတို့နိုင်ငံတွင် အသေးစား၊ အငယ်စား၊ အလတ်စား ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် လျှပ်စစ်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အနာဂတ်မြန်မာနိုင်ငံစီးပွားရေးအတွက် အကျိုးရှိသည့်လုပ်ငန်းများဖြစ်ခြင်းကြောင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

MSME လုပ်ငန်းများကို မိမိတို့နိုင်ငံတွင် အခြေခံကျကျဆောင်ရွက်၍ရသည်ကို တွေ့ရှိရကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ လိုအပ်သည့် ငွေကြေးများကို အစိုးရအနေဖြင့် ချေးငွေဆောင်ရွက်ပေး၍ ရကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများ မတည်ထူထောင်ပေးခဲ့ပြီး ကျန်ရှိသည့်ငွေများမှ MSME လုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း၊ MSME လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ငွေကြေးများ ချေးငွေပေးရန် အဆင့်သင့်ရှိကြောင်း။

### လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေး

လူသားအရင်းအမြစ်လိုအပ်မှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အသက် ၂၅ နှစ်အထက် လူဦးရေတွင် ၁၉ သန်းခန့်သည် အခြေခံပညာအားနည်းသည်ဟု သန်းခေါင်စာရင်းအရသိရှိရကြောင်း၊ အဆိုပါပြည်သူများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်၍ သင်ကြားဖွင့်လှစ်ပေးရန် လိုကြောင်း၊ KG+10 နှင့်အထက် ပညာအရည်အချင်းရှိသူများကိုလည်း တိုင်းပြည်အတွက် အကျိုးရှိသည့် လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေး ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍမှ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် သင်ကြား၍ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ယခင်တပ်မတော်အစိုးရလက်ထက်ကလည်း အထူးဖွံ့ဖြိုးရေးဇုန် ၂၄ ဇုန်ဖြင့် ဆောင်ရွက်ခဲ့ပြီး အဆိုပါဇုန်များတွင် တက္ကသိုလ်၊




တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

ကောလိပ်များနှင့် ဆေးရုံများ တည်ဆောက်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းမှာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူသားအရင်းအမြစ် မွေးထုတ်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အားလုံး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ရယူနိုင်ရန်လိုကြောင်း။

### နည်းပညာများ လိုအပ်လျက်ရှိ

မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်အများစုမှာ အရည်အသွေးဆိုင်ရာ အားနည်းမှုများရှိခြင်းကြောင့် ဈေးကွက်တွင် ဈေးနှုန်းရရှိမှုနည်းပါးကြောင်း၊ အရည်အသွေးအားနည်းမှုများရှိခြင်းမှာ ကုန်ထုတ်လုပ်ရာတွင်အသုံးပြုသည့် စက်ကိရိယာပစ္စည်းများ၊ နည်းပညာနှင့် လူသားအရင်းအမြစ်များ အားနည်းခြင်းကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ ထုတ်ကုန်များ အရည်အသွေးမီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ရာတွင် အစားအစာများ၊ အဖျော်ယမကာများ၊ အထည်အလိပ်နှင့် အထည်ထုတ်လုပ်မှု၊ သားရေထွက်ကုန်ပစ္စည်းများ၊ သစ်အချောထည်ပစ္စည်းများ၊ ဆေးဝါးနှင့် ရက္ခဗေဒဆိုင်ရာပစ္စည်းများ၊ ရော်ဘာနှင့် ပလတ်စတစ်ဆိုင်ရာပစ္စည်းများ၊ သတ္တုမပာတ်သည့် တွင်းထွက်ပစ္စည်းများ၊ အခြေခံသတ္တုပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ပစ္စည်းများကို ထုတ်လုပ်ခြင်းသည် မိမိတို့နိုင်ငံအတွက် လက်တွေ့ကျကျ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများဖြစ်သဖြင့် ပထမဦးစားပေးအနေဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒုတိယဦးစားပေး ထုတ်လုပ်မှုအနေဖြင့် ဆေးရွက်ကြီးနှင့် စီးကရက်ပစ္စည်းများ၊ စက္ကူထုတ်လုပ်ခြင်းများ၊ ရေနံစိမ်းနှင့် ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ ဓာတုဗေဒပစ္စည်းနှင့် ဓာတုဗေဒထုတ်ကုန်များ၊ သတ္တုသန့်စင် ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ စက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်အမျိုးမျိုးနှင့် ပစ္စည်းတင်ယာဉ်အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် အခြားသယ်ယူပို့ဆောင်ရေးဆိုင်ရာယာဉ်များ ထုတ်လုပ်ခြင်းနှင့် အခြားပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးတွင် ပါဝင်သည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် ကုန်ကြမ်းများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အချို့သောထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် အရင်းအနှီးများနှင့် နည်းပညာများ လိုအပ်လျက်ရှိနေသေးကြောင်း။

### ထုတ်ကုန်များ ဈေးကွက်ရရှိရန်လို

မိမိတို့နိုင်ငံတွင် MSME လုပ်ငန်းပေါင်း ၄ သောင်းကျော်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်စေရန် ဝန်ဆောင်မှုနှင့်ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ကုန်များ ဈေးကွက်ရရှိရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ သတင်းအချက်အလက်များ မြန်ဆန်စွာစီးဆင်းရန် ကိစ္စရပ်များ၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့ရေးလုပ်ငန်းကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အဆိုပါကိစ္စရပ်များကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်၍ မရဘဲ အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သဖြင့် ကော်မတီဝင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများကို အာဆီယံ၏ ညွှန်းကိန်းများနှင့် သုံးသပ်ခဲ့သည်များရှိပြီး ရလဒ်ညွှန်းကိန်းများတွင် မိမိတို့နိုင်ငံသည် အချို့နေရာများ၌ အာဆီယံညွှန်းကိန်း၏ အနိမ့်ပိုင်းတွင်ရှိပြီး အချို့နေရာများတွင် အလယ် အလတ် အဆင့်အပိုင်းတွင် ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ မည်သို့သောညွှန်းကိန်းများ ပြနေသည်ဖြစ်စေ မိမိတို့အနေဖြင့် လက်တွေ့ကျသည့် အလုပ်ဖြစ်နိုင်သည့် MSME များဖြစ်ရန်လိုကြောင်း၊ အထူးသဖြင့် ထုတ်လုပ်မှုကို အခြေခံဖြစ်ပေါ်လာသည့် ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းသည် ၂၅ ရာခိုင်နှုန်းနှင့် ၁၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထုတ်လုပ်မှုမှာ ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်လာမည်ဆိုပါက ရောင်းဝယ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းမှာ ဝယ်ရောင်းသမားများဖြစ်ကြကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းထက် ဈေးရောင်းချသူများများပြားကြောင်း၊ ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် ပိုမိုအကျိုးရှိစေမည်ဖြစ်ကြောင်း။

### နည်းလမ်းများရှာဖွေဆောင်ရွက်

MSME လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ လေ့လာချက်အရ ပတ်ဝန်းကျင်ကောင်းများနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် အခြေခံအဆောက်အဦများ လိုအပ်ချက်များရှိခြင်း၊ စွန့်ဦးတီထွင်လိုသူများအတွက် မဝံ့မရဲဖြစ်မှုများကို ဖြေလျှော့ပေးရန် လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီး၊ စရိတ်ကြီးမြင့်သည့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကိုတွေ့ရှိရခြင်း၊ ရိုးရာနည်းပညာများကို အသုံးပြုထုတ်လုပ်ခြင်း၊ သုတေသနပြုချက်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများတွင် အထောက်အပံ့အားနည်းသည်များကို တွေ့ရှိရကြောင်း၊ အဆိုပါရလဒ်များကို အခြေခံ၍ ထုတ်ကုန်များကို ရောင်းတန်းဝင် အဆင့်မြှင့်တင်နိုင်ရန်အတွက်

*စာမျက်နှာ ၅ သို့*

■ **မိမိတို့နိုင်ငံတွင် MSME လုပ်ငန်းပေါင်း ၄ သောင်းကျော်ရှိ၊ အဆိုပါလုပ်ငန်းများ အောင်မြင်စေရန် ဝန်ဆောင်မှုနှင့် ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ကုန်များဈေးကွက်ရရှိရန်လို၊**

■ **ထို့ကြောင့် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ သတင်းအချက်အလက်များ မြန်ဆန်စွာစီးဆင်းရန်ကိစ္စရပ်များ၊ ကုန်စည်စီးဆင်းမှုလုံခြုံချောမွေ့ရေးလုပ်ငန်းကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန်လို၊ အဆိုပါကိစ္စရပ်များကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်၍ မရဘဲ အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သဖြင့် ကော်မတီဝင်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

*စာမျက်နှာ ၄ မှ*

ကန့်သတ်ချက်များနှင့် အဟန့်အတားများ တွေ့ရှိရသည်ဟု လေ့လာတွေ့ရှိရကြောင်း၊ ထုတ်ကုန်များကို အရည်အသွေးရှိသည့် ရောင်းကုန်ပစ္စည်းများဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များကို ကော်မတီဝင်များအနေဖြင့် ထည့်သွင်းစဉ်းစား၍ လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်ကြမည်ဆိုပါက MSME လုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေးကို ထိထိမိမိ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မိမိအနေဖြင့် ယခု MSME လုပ်ငန်းသည် နိုင်ငံအတွက် အဓိကမောင်းနှင်အားဖြစ်သဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စက်မှုလုပ်ငန်းမူဝါဒ၊ SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတို့ ချိတ်ဆက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၏ အရင်းအမြစ်များ၊ မြန်မာနိုင်ငံ၏ SME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ မူဝါဒနှင့် နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်ခဲ့မှု၊ MSME အဖြစ် စတင်သုံးနှုန်းလာခြင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဖွဲ့စည်းဆောင်ရွက်ရမည့် ကော်မတီနှင့် အဖွဲ့များ၊ SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများဖွဲ့စည်းခြင်း၊ SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ မြန်မာ့ MSME ရှင်သန်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် MSME ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီမှ ဆွေးနွေးဆုံးဖြတ်ရမည့် အချက်များကို အဆိုပြုတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များက ပြည်တွင်းလျှပ်စစ်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများကို အားပေးကူညီရန်၊ MSME ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့် ပြည်ပအဖွဲ့အစည်းများမှ ချေးငွေများ ထုတ်ချေးပေးခဲ့မှုနှင့် ဆက်လက်ထုတ်ချေးပေးသွားမည့် အစီအမံများ၊ MSME ရန်ပုံငွေထူထောင်ရေး၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ရေးအခြေခံအဆောက်အအုံများနှင့် ဆက်သွယ်ရေးကွန်ရက်များ ကောင်းမွန်စေရန် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးသတင်းချက်အလက်များကို နိုင်ငံပိုင်မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြနိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများ၊ ကျေးလက်ဒေသများတွင် သမဝါယမအသင်းများဖွဲ့စည်းပြီး အသေးစားစက်မှုလုပ်ငန်းများ ထူထောင်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှု၊ ဈေးရောင်းပွဲတော်များနှင့် ထုတ်ကုန်ပြပွဲများ ကျင်းပပေးနေမှု၊ သစ်အချောထည်၊ ကျောက်မျက်အချောထည်နှင့် ဓာတ်သတ္တုနှင့် စက်မှုတွင်းထွက်လုပ်ငန်းများ ခွင့်ပြုထားရှိမှု၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအားပေးနေမှု၊ လျှပ်စစ်ကဏ္ဍတွင် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပုဂ္ဂလိကထုတ်ကုန်အရည်အသွေး တိုးတက်စေရေး ဆောင်ရွက်နေမှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှု၊ SME ဥပဒေတွင် ပြင်ဆင်ရန်လိုအပ်သည့်အချက်များ၊ MSME လုပ်ငန်းများအနေဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြင့် ချိတ်ဆက်ရန် လိုအပ်မှုအခြေအနေ၊ တက္ကသိုလ်များ၌ စီးပွားရေးဘာသာရပ်များတွင် MSME ဘာသာရပ် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး၊ MSME လုပ်ငန်းများနှင့်စပ်လျဉ်း၍ စံချိန်၊ စံညွှန်းသတ်မှတ်ရန် လိုအပ်မှုအခြေအနေ၊ MSME လုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များအား စားသုံးသူများအတွက် ဘေးကင်းသည့် ထုတ်ကုန်ဖြစ်စေရန် FDA မှ အရည်အသွေးစစ်ဆေး၍ ခွင့်ပြုပေးနေမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းလိုအပ်ချက်၊ ဥပဒေဆိုင်ရာလိုအပ်ချက်နှင့် ငွေကြေးမူဝါဒဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရန်အရေးကြီး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ် ကောင်းမွန်ရန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူပို့ဆောင်ရေးစနစ်ကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရထားဖြင့်သယ်ယူပို့ဆောင်ခြင်းသည် စီးပွားရေးအရ တွက်ခြေကိုက်သည့်အတွက် နိုင်ငံတကာတွင် ရထားပို့ဆောင်ရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရန် အရေးကြီးပါကြောင်း၊ အများပြည်သူများအတွက် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိစေရန်နှင့် မှန်မှန်ကန်ကန်၊ လုံလုံခြုံခြုံဖြစ်စေရန် အရေးကြီးပါကြောင်း၊ ထို့ပြင် မိုဘိုင်းဖုန်းနှင့် အင်တာနက်သုံးစွဲမှုအပိုင်းတွင်လည်း စည်းကမ်းတကျဖြစ်စေရန် လိုအပ်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာများမှ စီးပွားရေးသတင်းများ၊ ကုန်ဈေးနှုန်းနှင့် ငွေကြေးသတင်းအချက်အလက်များကို သီးခြားကဏ္ဍတစ်ခုအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၊ တပ်မတော်နှင့် ပုဂ္ဂလိကအပိုင်းတို့မှ သတင်းအချက်အလက်များကို ပြည်သူများ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်သိရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သစ်အချောထည် ထုတ်ကုန်များကို အဆင့်မီထုတ်လုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ အလားတူ တွင်းထွက်သယံဇာတများကိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်သွားစေလိုကြောင်း။

### လူသားအရင်းအမြစ်များရရှိရေး ဦးတည်ဆောင်ရွက်

MSME လုပ်ငန်းများရှိရာ နယ်မြေဒေသအလိုက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် အသေးစားဓာတ်အားထုတ်လုပ်သည့်စနစ်များ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရယူသုံးစွဲခြင်းမပြုဘဲ ဒေသအလိုက် တစ်ပိုင်တစ်နိုင်ဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ လက်ရှိဖွင့်လှစ်လျက်ရှိသည့် သက်မွေးပညာသင်တန်းများ ထိထိရောက်ရောက်ဖြစ်စေရန် လိုအပ်ကြောင်း၊ အဆိုပါသင်တန်းများမှ မွေးထုတ်ပေးလိုက်သည့် အလုပ်သမားများကိုလည်း လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးပြုနိုင်ရန် လိုအပ်ပါကြောင်း၊ လူသားအရင်းအမြစ်များရရှိရေးကို ဦးတည်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းသုံး MSME ထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့်ပတ်သက်၍ တစ်ပြေးညီဖြစ်ရန် လိုအပ်ပါကြောင်း၊ ပြည်ပပို့ကုန်များအတွက် ထုတ်ကုန်အရည်အသွေးကိုလည်း နိုင်ငံတကာအရည်အသွေးမီဖြစ်စေရန် စံချိန်စံညွှန်းသတ်မှတ်ရန် လိုအပ်ပါကြောင်း။

နိုင်ငံ၏ စီးပွားရေးကို အထောက်အကူဖြစ်ရန် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေအောက် သယံဇာတများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံခြားငွေရရှိရေးအတွက် ကြိုးစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းစီးပွားရေးကို အထောက်အကူဖြစ်စေရန် ဒေသအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်သည် မူဝါဒချမှတ်ပေးသည့် အဆင့်ဖြစ်ပြီး MSME လုပ်ငန်းများ မြေပြင်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် UMFCCI နှင့် ညီနောင်အသင်းများအနေဖြင့် လက်တွေ့ကျကျ ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသတိုင်းတွင် MSME လုပ်ငန်းများမှ ထုတ်လုပ်မှုများရှိနေရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများဖြင့် ပြည်တွင်းစီးပွားရေးအားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဥပဒေဖြင့် အကာအကွယ်ပေးထားနိုင်ရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လုပ်ငန်းကော်မတီ၏ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဒေသတစ်ခုနှင့်တစ်ခု တိုးတက်ဖွံ့ဖြိုးမှုများ ကွာဟမှုမရှိအောင်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးတွင် အားလုံးမှ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးဆောင်ရွက်ကြသည်ကိုတွေ့ရကြောင်း၊ MSME ကို နိုင်ငံစီးပွားရေးမြှင့်တင်မှုအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၊ ဒေသတစ်ခုနှင့်တစ်ခု တိုးတက်ဖွံ့ဖြိုးမှုများ ကွာဟမှုမရှိအောင် ဆောင်ရွက်ပေးပြီး အားလုံးတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး ပြည်နယ်အလိုက်၊ ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံပြီး ကုန်ထုတ်လုပ်မှုအတွက် စဉ်းစားဆောင်ရွက်ရန်၊ လူသားအရင်းအမြစ်များရရှိရေးအတွက် ဆောင်ရွက်ရန်နှင့် ပညာရေး ကွာဟမှုများကို တတ်နိုင်သမျှ လျှော့ချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လူသားအရင်းအမြစ်များကို အသုံးချ၍ နည်းပညာနှင့် အတတ်ပညာများကို ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရင်းအနှီးများရရှိရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရန်လိုကြောင်း၊ လမ်းမကြီးများသာမက မြို့၊ ရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ ကောင်းမွန်မှသာ ထုတ်လုပ်သည့် ထုတ်ကုန်များကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးစနစ်များလည်း ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ စက်ရုံများနှင့် စက်ပစ္စည်းများလည်ပတ်နိုင်ရန်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့ကော်မတီသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဓိကကျသည့် ကော်မတီတစ်ခုဖြစ်ပြီး ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ **တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ် ကောင်းမွန်ရန် အရေးကြီး**

❖ **နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူပို့ဆောင်ရေးစနစ်ကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

❖ **ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းသည် စီးပွားရေးအရ တွက်ခြေကိုက်သည့်အတွက် နိုင်ငံတကာတွင် ရထားပို့ဆောင်ရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရ**

❍ **တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးစနစ် ကောင်းမွန်စေရန် အရေးကြီး**

❍ **အများပြည်သူများအတွက် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိစေရန်နှင့် မှန်မှန်ကန်ကန်၊ လုံလုံခြုံခြုံ ဖြစ်စေရန် အရေးကြီး**

❍ **မိုဘိုင်းဖုန်းနှင့် အင်တာနက်သုံးစွဲမှု အပိုင်းတွင်လည်း စည်းကမ်းတကျ ဖြစ်စေရန် လိုအပ်**

❒ **နိုင်ငံပိုင်မီဒီယာများမှ စီးပွားရေးသတင်းများ၊ ကုန်ဈေးနှုန်းနှင့် ငွေကြေးသတင်းအချက်အလက်များကို သီးခြားကဏ္ဍတစ်ခုအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန် လိုအပ်**

❒ **နိုင်ငံတော်၊ တပ်မတော်နှင့် ပုဂ္ဂလိကအပိုင်းတို့မှ သတင်းအချက်အလက်များကို ပြည်သူများ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်သိရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်**

❒ **သစ်အချောထည် ထုတ်ကုန်များကို အဆင့်မီထုတ်လုပ်နိုင်ရန် လိုအပ်**

# မိတ်ဆွေကောင်းများနှင့် နှစ်ပေါင်းများစွာ

◇◇◇◇◇◇◇◇◇◇ **မင်းခေါင်** ◇◇◇◇◇◇◇◇◇◇

**မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့သည့်နောက် ယနေ့တိုင် ကမ္ဘာ့အလယ်တွင် သမာသမတ်ကျကျ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို တစိုက်မတ်မတ်ကျင့်သုံးလျက်ရှိပြီး နိုင်ငံတိုင်းကို မိတ်ဝတ်မပျက်ဆက်ဆံခဲ့၍ နိုင်ငံတကာဆက်ဆံရေး သံခင်းတမန်ခင်းကဏ္ဍတွင် သမိုင်းအစဉ်အလာ ကြီးမားခဲ့သည်။ ဒေသတွင်းနိုင်ငံများကြားတွင် ရှေ့ဆောင်နိုင်ငံဟုပင်ဆိုရလောက်သည်။ ကမ္ဘာ့ခေါင်းဆောင်များနှင့် ကြိမ်ဖန်များစွာ အပြန်အလှန် ကူးလူးယှက်နွယ်ထိတွေ့ဆက်ဆံမှုရှိခဲ့၍ နိုင်ငံအချို့သည် ၎င်းတို့၏ ကမ္ဘာ့အရေး၊ ဒေသတွင်းအရေးကိစ္စများတွင် ပါစင်နယ်ဒီပလိုမေစီသဘောအရ မြန်မာခေါင်းဆောင်များကိုကြားမှ အောင်သွယ်တော်အဖြစ် အကူအညီတောင်းခံမှုပေါင်းများစွာပင် ရှိခဲ့ဖူးသည်။**

မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးသည်လည်း လာမည့် ၂၀၂၃ ခုနှစ်ဆိုလျှင် (၇၅)နှစ်မြောက် စိန်ရတုကာလသို့ပင် ပြည့်မြောက်ပေတော့မည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီး ၄၅ ရက်အကြာ (၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့)တွင် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုဟု ခေါ်တွင်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ကြသည်။

**နှစ်နိုင်ငံမှ ခေါင်းဆောင်များ ချစ်ကြည်ရေးခရီးစဉ် အပြန်အလှန်သွားရောက်လည်ပတ်**

နှစ်နိုင်ငံမှ ခေါင်းဆောင်များသည်လည်း ချစ်ကြည်ရေးခရီးစဉ်များကို အပြန်အလှန်သွားရောက်လည်ပတ်ခဲ့ကြသည်။ ၁၉၅၅ ခုနှစ် အောက်တိုဘာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးချုပ် ဦးနုသည် ဆိုဗီယက်ပြည်ထောင်စုသို့ ပထမဆုံးချစ်ကြည်ရေးခရီးသွားရောက်လည်ပတ်ခဲ့သည်။ ထိုခရီးစဉ်အတွင်း အစ္စရေးဝန်ကြီးချုပ်သည် ဝန်ကြီးချုပ် ဦးနုကို ဆိုဗီယက်ယူနီယံထဲရှိ ဂျူးလူမျိုးများ အစ္စရေးနိုင်ငံသို့ပြန်လာခွင့်ရအောင် ဦးနုက မေတ္တာရပ်ခံပေးပါရန် စာရေးသားအကူအညီတောင်းခံရုံမက ဝန်ကြီးချုပ် ဘူလ်ဂယ်နင်ထံ လိပ်မူတပ်ရေးသားထားသည့် စာကိုပင် လူကြုံပါး အကူအညီတောင်းခံခဲ့လေသည်။

အပြန်အလှန်အားဖြင့် ဆိုဗီယက်ပြည်ထောင်စုမှ ပါတီအတွင်းရေးမှူးခေါင်းဆောင်ကြီး နီကီတာခရုးရှက်နှင့် ဝန်ကြီးချုပ် ဘူလ်ဂယ်နင်တို့သည် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်လာရောက်ခဲ့ကြသည်။ ၁၉၆၀ ပြည့်နှစ်တွင် နီကီတာခရုးရှက်သည် အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးထပ်မံလာရောက်ခဲ့ပြန်သည်။

ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင်ကြီး နီကီတာခရုးရှက်၏ မြန်မာနိုင်ငံခရီးစဉ်သည် ထိုစဉ်က မြန်မာနိုင်ငံအတွက် လိုအပ်နေသည့် အခြေခံအဆောက်အအုံအချို့ကို အကျိုးရလဒ်အဖြစ် ဖြစ်ထွန်းပေါ်ပေါက်စေခဲ့သည်။ ယခင်က ရန်ကုန်စက်မှုတက္ကသိုလ်(RIT)ဟု ခေါ်တွင်ခဲ့သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ အင်းယားလိတ်ဟိုတယ်၊ တောင်ကြီးစဝ်စံထွန်းဆေးရုံကြီးနှင့် ကျောက်ပန်းတောင်းမြို့အနီးရှိ ကြက်မောက်တောင်ဆည်တို့သည် နှစ်နိုင်ငံချစ်ကြည်ရေး၏ စိန်ရတုပြယုဂ်များအဖြစ် ယနေ့တိုင်တည်ရှိနေခဲ့သည်။

မြန်မာနိုင်ငံက ဆိုဗီယက်(ရုရှား)ကို ဆန်တင်ပို့ရောင်းချပေးခဲ့၍ ဆိုဗီယက်(ရုရှား)ဘက်ကလည်း မြန်မာနိုင်ငံအတွက် လိုအပ်သည့် အဆိုပါ အခြေခံအဆောက်အအုံအချို့ကို အကူအညီပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်မှု တိုးတက်ခိုင်မြဲရေးအတွက် ယဉ်ကျေးမှု၊ အားကစားကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်နိုင်ခဲ့ပေသည်။

ဆိုဗီယက်ခေါင်းဆောင်ကြီးခရုးရှက်နှင့် ဝန်ကြီးချုပ် ဘူလ်ဂယ်နင်တို့၏ မြန်မာပြည် ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ ထိုစဉ်က ဝန်ကြီးချုပ် ဦးနုက “မြန်မာပြည်လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ခုနစ်နှစ်လုံးလုံး မြန်မာကွန်မြူနစ်တွေနဲ့ ကွန်မြူနစ်တွေရဲ့တပည့်တွေက မြန်မာပြည်ရဲ့လွတ်လပ်ရေးဟာ အစစ်မဟုတ်ဘူး။ ဗြိတိသျှအစိုးရက မြန်မာပြည်ကို တစ်ပတ်ရိုက်ပြီးပေးထားတဲ့ လွတ်လပ်ရေးအတုကြီးလို့ မျက်စိမှိတ်ပြီး တအော်တည်း အော်နေကြတာပဲ။ ဖဆပလအစိုးရက အတုမဟုတ်ပါဘူး။ အစစ်ဖြစ်တယ်ဆိုတာ ဘယ်လိုမှရှင်းပြလို့မရဘူး။ ခရုးရှက်နဲ့ ဘူလ်ဂယ်နင်တို့ မြန်မာပြည်ကိုအလည်လာတော့မှပဲ မျက်စိမှိတ်ပြီးအော်နေကြတဲ့ ကွန်မြူနစ်တွေနဲ့ သူတို့ရဲ့တပည့်တွေဟာ အအော်ရပ်သွားကြတယ်။ အဲဒါဟာ မြန်မာပြည်ကို ဘူလ်ဂယ်နင်နဲ့ ခရုးရှက်တို့လာလိုက်တာကြောင့် မြန်မာပြည်အတွက် ပေါ်ပေါက်လာတဲ့ အကောင်းတစ်ခုဖြစ်တယ်”ဟု ဆိုသည်။



၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်က (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးမှုကို တွေ့ရစဉ်။

ထိုသို့အတိတ်ကာလက နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး သံခင်းတမန်ခင်းကဏ္ဍသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် တစ်ကျော့ပြန် ပြန်လည်ပီပြင်သက်ဝင်လာခဲ့ပြန်သည်။ နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပြန်လည်အားသစ်လောင်းခဲ့ကြသည်။ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် စက်တင်ဘာလ ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဗလာဒီဗော့စတော့ခ်မြို့ FEFU Campus အတွင်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်**

ထိုသို့တွေ့ဆုံရာတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က “လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာကို တွေ့မြင်နေရကြောင်း”ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း “အဆွေတော်သမ္မတကြီး ပြောကြားသကဲ့သို့ပင် မိမိတို့နှစ်နိုင်ငံ၏ဆက်ဆံရေးသည် (၇၅) နှစ် ပြည့်မြောက်တော့မည်ဖြစ်ပြီး ထူးခြားသည့်သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ဖြတ်သန်းလာခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်တွင် အနိမ့်အမြင့်မျိုးစုံရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုမှ စတင်ကာ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း”စသဖြင့် ပြောကြားခဲ့သည်။

**မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်**

နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားအကျိုးစီးပွားအတွက် ခရီးစဉ်အတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့်ဘဏ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေးတို့အပါအဝင် ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အသေးစိတ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆိုရလျှင် ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရက်သတ္တပတ်ကြာ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်သည် မြန်မာနိုင်ငံအတွက် အတိတ်ကာလထက် ပို၍ကြီးမားသော တိုးတက်ပြောင်းလဲမှုများကို ဖြစ်ထွန်းစေခဲ့သည်ဟု ဆိုရပါမည်။

*စာမျက်နှာ ၇ သို့*

**❑ လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး(၇၅)နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနား ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေး နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာကို တွေ့မြင်နေရကြောင်း ပြောကြားခဲ့သည်**

# လူမှုကွန်ရက်များတွင် သတင်းစီးဆင်းမှုများ အလွန်မြန်ဆန်လာသည့်အတွက် ပြည်သူများသိသင့်သည့် မိမိတို့ဌာန၏ ဆောင်ရွက်ချက်များကို မီဒီယာနည်းလမ်းဖြင့် တိကျမှန်ကန်စွာ တင်ဆက်နိုင်ရန် အရေးကြီး

**နေပြည်တော် စက်တင်ဘာ ၂၃**

မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သင်တန်းကာလတွင် သင်တန်းသားများအနေဖြင့် မီဒီယာနှင့် ပတ်သက်၍ အထိုက်အလျောက် ပညာရရှိပြီး ဆက်လက်လေ့လာသွားမည်ဆိုပါက အရှိန်ရသွားမည်ဖြစ်ပါကြောင်း၊ ဓာတ်ပုံပညာနှင့် ပတ်သက်၍ ဓာတ်ပုံသည် သမိုင်းဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

ယနေ့ခေတ်တွင် မီဒီယာသည် နည်းပညာတိုးတက်မှုနှင့်အတူ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသောကြောင့် မီဒီယာအခန်းကဏ္ဍကို လိုက်လျောညီထွေစွာ လိုက်ပါဆောင်ရွက်နိုင်ရန် အရေးကြီးလာပါကြောင်း၊ လူမှုကွန်ရက်များတွင် သတင်းစီးဆင်းမှုများ အလွန်မြန်ဆန်လာသည့်အတွက် ပြည်သူများ သိသင့်သိထိုက်သည့် မိမိတို့ဌာန၏ ဆောင်ရွက်ချက်များကို မီဒီယာနည်းလမ်းဖြင့် အသိပေးသည့်နေရာတွင် တိကျမှုရှိပြီး မှန်ကန် မြန်ဆန်စွာ တင်ဆက်နိုင်ရန် အရေးကြီးသကဲ့သို့ အရည်အသွေးပြည့်မီပြီး အပြုသဘောဆောင်သည့် သတင်းမှတ်တမ်းများဖြစ်ရန်လည်း အရေးကြီးပါကြောင်း။

သင်တန်းသားများအနေဖြင့် သင်တန်းတွင် တတ်မြောက်သွားသည့် ပညာများအား မိမိဌာန လုပ်ဖော်ကိုင်ဖက်များကို ပြန်လည် မျှဝေပေးစေလိုပါကြောင်း၊ ဝါသနာပါပါကလည်း ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက် စေလိုပါကြောင်း၊ ဓာတ်ပုံရိုက်ကူးရေး၊ ဗီဒီယိုတည်းဖြတ်ရေးပညာသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ယခုသင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာများကို အခြေခံပြီး မိမိဝန်ကြီးဌာနနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားပါဝင် ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သင်တန်းသား ကိုယ်စားလှယ်များထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်း အမှတ်စဉ်(၁)သို့ ဝန်ကြီးဌာန ၁၂ ခုမှ သင်တန်းသား၊ သင်တန်းသူ ၄၈ ဦး တက်ရောက်ကြပြီး စက်တင်ဘာ ၅ ရက်မှ ၂၃ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးတွင် ၂၀၂၂ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ပြည်တွင်း/ပြည်ပ ဧည့်သည်ဝင်ရောက်မှုများမှ ဝင်ငွေအနေဖြင့် ကျပ်သိန်း ၆၅၆၀ ခန့် ရရှိ

**မကွေး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်း၍ ဗဟိုအဆင့်ဆင့်မှ တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဆင့်အထိ ကော်မတီ(၃)ရပ်ဖြင့် ဟန်ချက်ညီညီ တိုးတက်စေရေးအတွက် ၂၀၁၈ ခုနှစ် ခရီးသွားလုပ်ငန်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့တိုင်းဒေသကြီးတွင် ၂၀၂၂ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ပြည်တွင်း/ပြည်ပ ဧည့်သည် ဝင်ရောက်မှုများမှ ဝင်ငွေအနေဖြင့် ကျပ်သိန်း ၆၅၆၀ ခန့် ရရှိခဲ့ပြီးဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖြင့် ဒေသခံများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တီထွင်ကြံဆဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးတင်ပြကြစေလိုကြောင်းပြောကြားသည်။




ထို့နောက်ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာသူများက အကြံပြု ဆွေးနွေးကြကြောင်း သိရသည်။ **ကိုစည်သူ(မကွေး)**

*စာမျက်နှာ ၆ မှ*

### မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး မူကြီးငါးရပ်နှင့်အညီ နိုင်ငံတိုင်းအပေါ် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိ

လာမည့် ၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံ၏ စိန်ရတုလွတ်လပ်ရေးအခါသမယဖြစ်သည်။ နိုင်ငံအချို့နှင့် သံခင်းတမန်ခင်း သံတမန်ဆက်ဆံရေးကဏ္ဍသည်လည်း မကြာမီ စိန်ရတုအခါသမယသို့ ရောက်တော့ပေမည်။ မြန်မာနိုင်ငံအနေဖြင့်မူ လွတ်လပ်ရေးရပြီးသည်မှစ၍ ယနေ့တိုင် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး နိုင်ငံရေးပဉ္စသီလ မူကြီးငါးရပ်နှင့်အညီ နိုင်ငံတိုင်းအပေါ် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိပါသည်။

မြန်မာတို့သည် ပင်ကိုဗီဇအရ မိတ်ကောင်းဆွေကောင်းများအပေါ် တန်ဖိုးထားလေးစားတတ်ကြသည်။ မိတ်ဆွေကောင်းများအပေါ် အလွန်ဧည့်ဝတ်ကျေပွန်ကြသည်။ မြန်မာမှုနယ်ပယ်တွင် ရှေးယခင်ကတည်းက တည်ရှိခဲ့သော မိတ်ဆွေဝတ္တရားဖြစ်သည့် ထောက်ပံ့ပေးကမ်းခြင်း၊ ချိုချိုသာသာပြောဆိုခြင်း၊ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊ မိမိနှင့်တန်းတူထားခြင်း၊ စကားသစ္စာတည်ကြည်ခြင်းဟူသည့် တာဝန်ငါးရပ်ကို အလေးထားစောင့်ထိန်းတတ်ကြသည်။

မိတ်ဆွေစစ်များအပေါ် ထိုသို့တာဝန်ငါးရပ်ဖြင့် အပြည့်အဝဆက်ဆံသည့်အတွက် မိတ်ဆွေအချင်းချင်းကြားတွင် “မိမိ မေ့လျော့ခိုက် အသက်အန္တရာယ်ကာကွယ်ပေးခြင်း၊ မိမိ မေ့လျော့ခိုက် ပစ္စည်းဥစ္စာစောင့်ရှောက်ပေးခြင်း၊ ကြောက်လန့်နေခိုက် အားပေးနှစ်သိမ့်ခြင်း၊ အန္တရာယ်ကြုံသော် စွန့်ပစ်မသွားခြင်း၊ သားစဉ်မြေးဆက် မေတ္တာသက်ဝင်ကြခြင်း”ဟူသည့် ငါးမျိုးသော အပြန်အလှန်မေတ္တာတုံ့ပြန်မှု အကျိုးကျေးဇူးများရရှိနိုင်ကြောင်းကိုလည်း သိရှိနားလည်ကြသည်။

ထို့အတူ မိတ်ဆွေစစ်ဟူသည်မှာ ---
အကျိုးကျေးဇူး ပြုတတ်သူ၊
အေးအတူ ပူအမျှ သဘောထားသူ၊
အကျိုးရှိရာကိုသာ ညွှန်ကြားသူ၊
သနားကြင်နာတတ်သောသူ ဟူ၍လည်းကောင်း၊
မိတ်ဆွေတုဟူသည်ကား ---
ယူရုံယူ၍ မပေးလိုသောသူ၊
နှုတ်ဖြင့်သာမြှောက်၍ စားတတ်သူ၊
အလိုက်အထိုက်သာ ပြောတတ်သူ၊
မကောင်းမှုများသို့ သွေးဆောင်သူဟူ၍လည်းကောင်း ကွဲကွဲပြားပြား ခွဲခြားသိမြင်ခဲ့ကြပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ၇၅ နှစ်ဟူသောသက်တမ်းသည် လူ့သက်တမ်းတစ်ခုသို့နှယ် အတွေ့အကြုံပေါင်းများစွာကို ဖြတ်သန်းခဲ့ပြီးလေပြီ။ အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ကွဲကွဲပြားပြားရှုမြင်သုံးသပ်နိုင်ခဲ့ပေပြီ။ လူမှုဆက်ဆံရေးနယ်ပယ်ကဲ့သို့ပင် မြန်မာနိုင်ငံ၏ သံခင်း၊ တမန်ခင်း သံတမန်ဆက်ဆံရေးနယ်ပယ်တွင်လည်း မည်သူက မြန်မာ့အကျိုးလိုလားသူ၊ မည်သူက အကျိုးမဲ့စေလိုသူ၊ မည်သူက မိတ်စစ်ဆွေစစ်၊ မည်သူက မိတ်တုဆွေတုဟူ၍လည်း ကွဲကွဲပြားပြား ရှုမြင်သုံးသပ်နိုင်ခဲ့လေပြီ။

သို့ဖြင့် မိတ်ဆွေကောင်းများနှင့် နှစ်ပေါင်းများစွာ ကမ္ဘာတည်သရွေ့ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလက်တွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မြန်မာ-ရုရှားဖက်ဒရေးရှင်း နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအခါသမယကို ဂုဏ်ပြုကြိုဆိုလိုက်ရပါ၏။ ။

# လူး၊ ဆပ်၊ နှံစားပြောင်း သီးနှံများသည် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး မိုးနည်းရေရှားဒေသများတွင် စိုက်ပျိုးဖြစ်ထွန်း "၂၀၂၃ ခုနှစ်ကို နိုင်ငံတကာ လူး၊ ဆပ်သီးနှံနှစ်" (International Year of Millet) အဖြစ် ဆောင်ရွက်သွားမည်







**နေပြည်တော် စက်တင်ဘာ ၂၃**
အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားရေးရာ ဝန်ကြီးဌာန Ministry of Agriculture and Farmers' Welfare ဝန်ကြီး Mr. Narendra Singh Tomar ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၉ ရက်က နယူးဒေလီမြို့၌ ကျင်းပသည့် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်ဗီဇအရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်(ITPGRFA) အုပ်ချုပ်ရေးအဖွဲ့၏ (၉) ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ယာပုံ)**

**ကြိုဆိုနှုတ်ခွန်းဆက်**

ဦးစွာ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအတွက်အပင်ဗီဇအရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ITPGRFA) အုပ်ချုပ်ရေးအဖွဲ့၏ (၉)ကြိမ်မြောက် အစည်းအဝေးတွင် (ITPGRFA) အဖွဲ့ဥက္ကဋ္ဌ Ms. Yasmina El-Bahloul ၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ (ITPGRFA) အတွင်းရေးမှူး Mr. Kent Nnadozie တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားရေးရာ ဝန်ကြီးဌာန Ministry of Agriculture and Farmers' Welfare ဝန်ကြီး Mr. Narendra Singh Tomar က အဖွင့် အမှာစကား ပြောကြားပြီး ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ညွှန်ကြားရေးမှူးချုပ် Dr. QU Dongyu (ဒေါက်တာချူဒုံယု)၏ အမှာစကား ဗီဒီယိုကို ကြည့်ရှုကြသည်။

စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်ဗီဇအရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်(ITPGRFA)အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးကို (၂) နှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ကာ ယခုကျင်းပသည့် (၉) ကြိမ်မြောက် အစည်းအဝေးကို ဇီဝမျိုးကွဲထိန်းသိမ်းသူများအား ဂုဏ်ပြုခြင်းနှင့် ၂၀၂၀ ပြည့်နှစ်လွန် ကာလတွင် အားလုံးပါဝင်သော ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးကွဲများ ဖြစ်ပေါ်လာစေရန် မူဘောင်သတ်မှတ်ချက် (Celebrating the Guardians of Crop Diversity: Towards an Inclusive. Post-2020 Global Biodiversity Framework ) ဖြင့် အိန္ဒိယနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပခြင်းဖြစ်ပြီး အဖွဲ့ဝင် ၁၄၉ နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(ITPGRFA) အုပ်ချုပ်ရေးအဖွဲ့၏ (၉)ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနား အပြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပြခန်းများတွင် ခင်းကျင်းပြသထားသော အိန္ဒိယနိုင်ငံ၏ ဒေသမျိုးရင်းဝင် လူး၊ ဆပ်၊ နှံစားပြောင်းမျိုးများ၊ သုတေသနပြုရရှိသော နှံစားပြောင်းမျိုးများ၊ အဆိုပါ နှံစားသီးနှံများကို အခြေခံထုတ်လုပ်ထားသည့် ခေါက်ဆွဲများ တန်ဖိုးမြင့် စားသောက်ကုန်လုပ်ငန်းများ၊ အိန္ဒိယနိုင်ငံ၏ ဒေသမျိုးရင်း သစ်သီးဝလံ သုတေသန လုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြပြီး ပြခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သုတေသန ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း၊ လူး၊ ဆပ်၊ နှံစားပြောင်း သီးနှံများသည် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး မိုးနည်းရေရှားဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး လူသားများ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် သီးနှံများဖြစ်သဖြင့် "၂၀၂၃ ခုနှစ်ကို နိုင်ငံတကာ လူး၊ ဆပ်သီးနှံနှစ်" (International Year of Millet) အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်သော ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းတို့နှင့်အတူ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားရေးရာ ဝန်ကြီးဌာန Ministry of Agriculture and Farmers' Welfare ဝန်ကြီး Mr. Narendra Singh Tomar ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ၏ နည်းပညာနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် ပဲမျိုးစုံ၊ နေကြာနှင့် ဆီထွက်သီးနှံများ၏ မျိုးစေ့ထုတ်လုပ်ငန်းတွင် အိန္ဒိယနိုင်ငံ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ ရင်းနှီးမြှုပ်နှံလိုသူများ ပါဝင်ဆောင်ရွက်နိုင်ရေး၊ သီးနှံထုတ်လုပ် ရောင်းဝယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်ပိုင် မျိုးစေ့ကော်ပိုရေးရှင်း National Seed Corporation (NSC) မှ Mr. ASHWANI KUMAR ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားရေးရာ ဝန်ကြီးဌာနအောက်တွင် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးမှု လုပ်ငန်းများကို နိုင်ငံပိုင် စီးပွားရေး ကော်ပိုရေးရှင်းပုံစံဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ပဲမျိုးစုံ၊ နေကြာနှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်လာသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် နှစ်နိုင်ငံအကြား သုတေသနနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်ဗီဇ အရင်းအမြစ်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ITPGRFA) အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူ လယ်သမားရေးရာ ဝန်ကြီးဌာန Ministry of Agriculture and Farmers' Welfare ဝန်ကြီး Mr. Narendra Singh Tomar က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲနှင့် ယဉ်ကျေးမှုပဒေသာကပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ- ရုရှား နှစ်နိုင်ငံအကြား ငါးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အကျိုးဖြစ်ထွန်းစေမည့် သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၂၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ ဖယ်ဒရယ် ငါးလုပ်ငန်းအေဂျင်စီ၏ အကြီးအကဲ Mr. Ilya Shestakov ၏ ဖိတ်ကြားချက်အရ စိန့်ပီတာစဘတ်မြို့ St. Petersburg Exhibition and Convention Center ၌ ကျင်းပလျက်ရှိသည့် (၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်နှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ ရေလုပ်ငန်း ကုန်စည်ပြပွဲသို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး**

စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်နှင့် ရေထွက်ကုန်ပြပွဲ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ရုရှားနိုင်ငံ Federal Fishery Agency of Russia အဖွဲ့ အကြီးအကဲ Mr.Ilya Shestakov တို့က မြန်မာ- ရုရှားနှစ်နိုင်ငံအကြား ငါးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အကျိုးဖြစ်ထွန်းစေမည့်ကိစ္စများ အပါအဝင် ရေထွက်ကုန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**




အဆိုပါအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှသန်းနှင့် ရေလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်**

သဘောတူစာချုပ်တွင် နှစ်နိုင်ငံအကြား ငါးလုပ်ငန်းနှင့် ဆက်စပ်သော ပင်လယ်ပြင် ငါးသယံဇာတတည်ရှိမှု အကဲဖြတ်ဆန်းစစ်ခြင်း၊ ငါးသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပင်လယ်ပြင်၌ လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း၊ ပင်လယ်ပြင် ရေသယံဇာတ စီမံခန့်ခွဲမှု၊ တရားမဝင် ငါးဖမ်းဆီးမှု တိုက်ဖျက်ရေး၊ ငါးလုပ်ငန်းနှင့် ရေသတ္တဝါ မွေးမြူခြင်း ဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေး၊ ရေသတ္တဝါ မွေးမြူရေးလုပ်ငန်းဆိုင်ရာ သုတေသနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခိုင်မာရေး၊ ငါးဖမ်းဆီးခြင်းလုပ်ငန်းအတွက် သင်တန်းများပေးခြင်း၊ ဆွေးနွေးခြင်းနှင့် အခြားသော ငါးလုပ်ငန်းဆိုင်ရာကဏ္ဍများ၌ အပြန်အလှန်စိတ်ဝင်စားသော နယ်ပယ်များတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

သောကြာနေ့အထိ နံနက် (၈:၀၀)နာရီမှ ညနေ (၆:၃၀) နာရီ အထိ တစ်နေ့အလုပ်ချိန် ၁၀ နာရီ မိနစ် ၃၀ ခန့် အလုပ်လုပ်ကိုင်နေရကြောင်း၊ အလုပ်သမားများ၏ သဘောဆန္ဒမပါဘဲ အတင်းအဓမ္မ အချိန်ပိုဆင်းခိုင်းပြီး ည (၇:၀၀) နာရီမှ (၁၂:၀၀)နာရီအထိ အချိန်ပိုလုပ်ကိုင်ရကြောင်း၊ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အောလင်း၊ အောနိုက်ဆင်းပေးရပြီး လုပ်ငန်းခွင်အတွင်း Super ၊ All Super ၊ Leader များမှ အလုပ်သမားများအား ကြမ်းတမ်းစွာ ပြောဆိုဆဲရေးကြောင်း၊ ဥပဒေပါခွင့်ရက်နှင့် အလုပ်ပိတ်ရက်ခွင့်ခံစားခွင့် မရရှိကြောင်း၊ စံချိန်များ မတရားတောင်းခံပြီး စံချိန်မပြည့်ပါက အလုပ်သမားများအား အချိန်ပိုဆင်းခိုင်း၍ ငြင်းဆန်ပါက လိုင်းစူပါများမှ ဆဲဆိုကာ အလုပ်မှထုတ်မည်ဟု ခြိမ်းခြောက်ကြောင်း၊ စက်ရုံတွင် ညအိပ်ရန် နေရာစီစဉ်ပေးထားမှု မရှိသောကြောင့် အဆင်ပြေသည့်နေရာတွင် ကြုံသလိုအိပ်ရ၍ ကျန်းမာရေးထိခိုက်လာကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ ဥပဒေမဲ့ အလုပ်မှထုတ်ပယ်နေကြောင်း ဖော်ပြခဲ့ပါသည်။

Myanmar Labour News ၌ ဖော်ပြပါရှိသော သတင်းနှင့်ပတ်သက်ပြီး ၇-၉-၂၀၂၂ ရက်နေ့ မွန်းလွဲ(၃:၀၀)နာရီတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့၏ တာဝန်ခံအရာရှိများသည် စက်ရုံသို့ သွားရောက်၍ လုပ်ငန်းပိုင်ရှင်၊ လုပ်ငန်းခွင် ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များနှင့် အလုပ်သမားတို့အား စစ်ဆေးမေးမြန်းခဲ့ရာ သတင်းအမှန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တစ်ရက်အလုပ်ချိန်မှာ နံနက်(၈:၀၀)နာရီမှ ညနေ(၄:၀၀) နာရီအထိဖြစ်ပြီး၊ နားချိန် (၁၂:၀၀) နာရီမှ (၁၂:၃၀) နာရီအထိ ဖြစ်ကြောင်း၊

(ခ) အချိန်ပိုခိုင်းစေမှုရှိပြီး အလုပ်သမားများ၏ သဘောတူညီမှုရယူပြီး ဤဦးစီးဌာန ခွင့်ပြုချက်ဖြင့် ညနေ(၄:၃၀) နာရီမှ (၆:၃၀)နာရီအထိ လုပ်ကိုင်ကြောင်း၊

(ဂ) တနင်္ဂနွေနေ့များတွင် အလုပ်လုပ်ကိုင်ရပါက အလုပ်သမားများ၏ သဘောဆန္ဒရယူ၍ ဤဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ကြောင်း၊

(ဃ) အများပြည်သူပိတ်ရက်များတွင် အလုပ်လုပ်ကိုင်ရခြင်း မရှိကြောင်း၊

(င) ဥပဒေပါခွင့်ရက်များ တောင်းခံလာပါက ခံစားခွင့်ပေးကြောင်း၊

(စ) အလုပ်သမားများအား စံချိန်မတရားတောင်းပြီး ဆဲဆိုခြင်းများ မရှိကြောင်း၊

(ဆ) ညဆိုင်းခိုင်းစေခြင်းမရှိသောကြောင့် ညအိပ်ရန်နေရာ စီစဉ်ရန်မလိုအပ်ပါကြောင်း၊

(ဇ) အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ဥပဒေမဲ့ ထုတ်ပယ်ခြင်းမရှိကြောင်း။

သို့ဖြစ်ပါ၍ Myanmar Labour News တွင်ဖော်ပြပါရှိသော Rong Da Garment Co.,Ltd., အထည်ချုပ်စက်ရုံနှင့်ပတ်သက်သည့် သတင်းမှာ စက်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်း သာယာမှု ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် သွေးထိုးလှုံ့ဆော်ခြင်းသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း သတင်းမှန်ထုတ်ပြန်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ရပ်တန့်လုနီးပါးဖြစ်ခဲ့ရသော ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ကြံဆဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဟိုတယ်လုပ်ငန်းလိုင်စင်အသစ် လျှောက်ထားလာမှု တစ်ခု၊ ခရီးသွား ဧည့်လမ်းညွှန် သက်တမ်းတိုးခြင်း လေးခု၊ ဟိုတယ်လုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်း ၁၀ ခုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ နည်းဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ အစည်းအဝေးတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှု အမြင့်မားဆုံးဖြစ်သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အဖိုးမဖြတ်နိုင်သော သမိုင်းဝင်နေရာများ၊ စိမ်းလန်းစိုပြည်သည့် သဘာဝတောတောင်ရေမြေ အလှအပများကို အသုံးချ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေး ဦးတည်ဆောင်ရွက်ပေးရမည်ဖြစ် ကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း က ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်တန့်လုနီးပါး ဖြစ်ခဲ့ရသော ခရီးသွားလုပ်ငန်းများ ပြန်လည် ဖွံ့ဖြိုးတိုးတက်အောင် စိတ်ကူးသစ်များဖြင့် ကြိုတင်ကြံဆဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရှေးဟောင်းအဆောက်အဦ၊ ကျုံး၊ မြို့ရိုးများကို ပြန်လည်အဆင့်မြှင့်တင်၍ ခရီးသွားနေရာသစ်များ ဖော်ထုတ်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အပန်းဖြေနေရာများ တည်ဆောက်ခြင်းနှင့်အတူ မြို့ပြသန့်ရှင်းသာယာလှပစေရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်း ၃၅၇ ဦးအတွက် ဆန် နှင့် ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

နှင့် တွဲဖက်လုပ်ကိုင်သော တောင်သူများနှင့် တစ်ပိုင်တစ်နိုင် မွေးမြူသူများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူဖွံ့ဖြိုးရေးဌာနခွဲတို့မှ မွေးမြူရေးအခြေခံသင်တန်းများနှင့် အဆင့်မြင့်သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၇၉ ခုနှစ်မှစ၍ ပျားမွေးမြူမှုကိုစတင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ပြည်ပသို့ မြန်မာ့ပျားရည်များ စတင်တင်ပို့ခဲ့သည်။ ကမ္ဘာတွင် ပျားရည်အများဆုံးထုတ်လုပ်သော နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများတွင် မြန်မာ၊ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့မှ ပျားရည်အများဆုံး ထုတ်လုပ်လျက်ရှိကာ ပြည်ပဈေးကွက်၌ မြန်မာ့ပန်းနှမ်းပျားရည်၊ နေကြာပျားရည်နှင့် ဆီးပျားရည်တို့ကို အထူးကြိုက်နှစ်သက်လျက်ရှိသည်။ အဆိုပါပျားရည်သုံးမျိုးတွင် မြန်မာ့နေကြာပျားရည်သည် ယနေ့တိုင် ရောင်းအားအကောင်းဆုံးဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော မြန်မာနိုင်ငံအနေဖြင့် ပျားရည်အရည်အသွေးမြှင့်၍ ဈေးကွက်ဝယ်လိုအားနှင့်အညီ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။

"ခေတ်မီပျားမွေးမြူရေးပညာကို ပိုမိုလေ့လာခြင်းဟာ ပျားမွေးတောင်သူများရဲ့ ကျေးလက်စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေပါတယ်။ ဌာနခွဲအနေနဲ့ မွေးမြူရေးတောင်သူတွေ အဆင်ပြေမွေးမြူထုတ်လုပ်နိုင်ဖို့သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးနေတယ်။ အခြေခံသင်တန်းနဲ့ ပျားရောဂါကာကွယ်ကုသရေးသင်တန်း၊ ပျားဘုရင်မ မွေးမြူရေးသင်တန်း၊ ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်ပညာပေးသင်တန်းနဲ့ ပျားမွေးမြူရေးပြည်သူ့သင်တန်းများကို သင်ကြားပေးနေပါတယ်။ စိုက်ပျိုးမွေးမြူရေးတောင်သူများနဲ့ စီးပွားဖြစ်မွေးမြူရေးတောင်သူများအတွက် အကျိုးဖြစ်ထွန်းစေတာကြောင့် အရည်အသွေးမြှင့် ပိုမိုထုတ်လုပ်နိုင်အောင် သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သိန်းက ပြောသည်။

မြန်မာ့ပျားရည်ကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ကနီ၊ ဘုတလင်၊ ယင်းမာပင်၊ မန္တလေးတိုင်းဒေသကြီး၌ ရမည်းသင်း၊ ပျော်ဘွယ်၊ မကွေးတိုင်းဒေသကြီး၌ မကွေးနှင့်နတ်မောက်တို့မှ ဆီးပျားရည်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပန်းနှမ်းပျားရည်ကိုလည်းကောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့၌ ရော်ဘာပျားရည်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတွင် နေကြာပျားရည်ကို လည်းကောင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့၌ ပန်းပေါင်းစုံပျားရည်များထွက်ရှိထုတ်လုပ်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ပျားရည်အများဆုံးထွက်ရှိကာ နိုင်ငံတစ်ဝန်းပျားရည်ထွက်ရှိမှု၏ ၆၀ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၁၀-၂၀၂၁ ခုနှစ်တွင် ပုဂ္ဂလိကပျားမွေးမြူသူ ၈၃၅ ဦး ရှိကြောင်း သိရသည်။

မြန်မာ့ပျားရည်ကို ဂျပန်၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့မှ အများဆုံးဝယ်ယူလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ပျားရည်များကို EU နိုင်ငံများသို့ တင်ပို့ခွင့်ရရှိခဲ့သည်။ ပြည်ပဈေးကွက်ရရှိထားသော မြန်မာ့ပျားရည်ကို အရည်အသွေးနှင့် တိုးမြှင့်မွေးမြူထုတ်လုပ်နိုင်ရန် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပြီး မွေးမြူထုတ်လုပ်ရာ၌ ဒေသမျိုးပျားများအပြင် အရည်အသွေးကောင်းမွန်သော နိုင်ငံခြားမှ ပျားဘုရင်မများကိုတင်သွင်း၍ မွေးမြူနိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်နေကြောင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ခေတ်မီပျားမွေးမြူရေးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဆင့်ပွားသင်ကြားပို့ချနိုင်ရန် ဌာနတွင်း ဝန်ထမ်းများကိုလည်း လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**



# သထုံမြို့နယ်အတွင်း ရော်ဘာရာသီ စတင်ချိန်၌ တစ်ပေါင် ငွေကျပ် ၁၅၀၀ ဈေး ရရှိ

**သထုံ စက်တင်ဘာ ၂၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ယခုနှစ် ရော်ဘာရာသီ စတင်ချိန်၌ ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းရှင်များက ရော်ဘာ တစ်ပေါင်လျှင် ငွေကျပ် ၁၅၀၀ နှင့် ဈေးဖွင့် ဝယ်ယူနေပြီဖြစ်ကြောင်း သိရသည်။

"ရော်ဘာခြံကို စတင်အစေးခြစ်နေပါပြီ၊ အစဆိုတော့ ရော်ဘာအစေး အထွက်နှုန်း နည်းပါတယ်။ ခုချိန်က မိုးလေမမှန်တော့ ရသလောက်နဲ့ နေလှန်းပြားပဲ ရောင်းပါတယ်" ဟု သထုံမြို့နယ် သဲကုန်းကျေးရွာမှ ရော်ဘာတောင်သူ တစ်ဦးဖြစ်သူ ဒေါ်ဝွတ်က ပြောသည်။

"အလုပ်သမား တစ်ဦးကို တစ်နေ့ ငွေကျပ် ၅၀၀၀ ဖြင့် နေ့စား၊ လပေးစနစ်နဲ့ တစ်လ တစ်သိန်းခွဲ (တစ်ကွက်စာ) ပေးရပါတယ်။ အလုပ်သမား ၁၂ ဦးကို ရော်ဘာပေါင် ၂၅၀ လောက် ရပါတယ်။ ဒီဈေးနှုန်းအတိုင်းဆို အဆင်ပြေပါတယ်" ဟု သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်မှ ရော်ဘာခြံ တောင်သူ ဦးဟန်ဝင်းဇော်က ပြောသည်။ "ရော်ဘာအရောင်းအဝယ် စဖွင့်တာ တစ်ပတ်လောက်ရှိပါပြီ။ ဖွင့်ချိန်က တစ်ပေါင် ငွေကျပ် ၁၇၀၀နဲ့ ဈေးဖွင့်ပြီး ဝယ်ပါတယ်။ တစ်နေ့ကို ရော်ဘာပေါင် ငွေကျပ် ၄၀၀၀ ခန့် ဝယ်ယူနေရပါတယ်။ ခုကဈေးနှုန်း မတည်ငြိမ်လို့ တစ်ပေါင် ငွေကျပ် ၁၅၀၀နဲ့ ဝယ်ယူနေပါတယ်" ဟု သုဝဏ္ဏဝတီမြို့ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးဆိုင်မှ ဒေါ်ထားရွှေက ပြောသည်။

ယခုနှစ်တွင် ယခင်နှစ်ကထက် ဈေးနှုန်းပိုရပြီး ဈေးကွက်ဖွင့်ချိန်စော၍ ရော်ဘာတောင်သူအချို့မှာ ယခုအချိန်အထိ လုပ်ငန်းခွင်စတင်ရန် ပြင်ဆင်နေဆဲဖြစ်ရာ ရော်ဘာအစေးခြစ်သူ အလုပ်သမားများ ရှားပါးနေခြင်းကြောင့် ရော်ဘာခြံတောင်သူတချို့မှာ လုပ်ငန်းခွင်စတင်ရန် အခက်အခဲရှိနေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ် (၂၀) မြောက် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

ဗဟိုဘဏ်၏ စက်တင်ဘာ ၁၆ ရက်က ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ကြေညာချက်ကို တင်ပြလိုကြောင်းပြောကြား၍ ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်ကိုပြသသည်။ ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်အပေါ် တစ်ဖက်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေနှင့် အမျိုးမျိုးသော အပျက်သဘောဆောင် ပြောကြားချက်များရှိကြောင်း၊ သတင်းအမှားများနှင့် Agent များ ပိတ်သွားပြီ စသည်ဖြင့် ရေးသားပြောဆိုနေသည်များကိုလည်း တွေ့မြင်ရကြောင်း၊ ဗဟိုဘဏ်၏ ကြေညာချက် အဘယ့်ကြောင့် ထုတ်ပြန်ရသလဲဆိုလျှင် ပြည်သူလူထုနှင့် Agent များ အသုံးချခံဖြစ်မည်စိုးသဖြင့် ထုတ်ပြန်ရခြင်းဖြစ်ကြောင်း၊ ဥပမာတစ်ခုအနေနှင့် ပြောလိုကြောင်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း လုပ်နေသည့် Agent တစ်ယောက်သည် ဝန်ဆောင်ခရလျှင် ငွေလွှဲပေးမည်သာဖြစ်ကြောင်း၊ ယခင်က စည်းကမ်းအရ တင်းကျပ်မထားသည့်အတွက် လာလွှဲသည့်သူကလည်း ၎င်း၏အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကိုမပြောဘဲ အလွယ်တကူလွှဲလိုက်နိုင်သကဲ့သို့ ထုတ်ယူသည့်ဘက်ကလည်း Password ပြောရုံနှင့် ထုတ်ယူ၍ရသည့် အနေအထားဖြစ်ကြောင်း၊ လာလွှဲသည့်သူက အကြမ်းဖက်သမားများကို ထောက်ပံ့ရန်လွှဲပြီး အကြမ်းဖက်သမားကထုတ်ပြီး အကြမ်းဖက်လုပ်ငန်းများ၌ သုံးသည့်ဖြစ်စဉ်များ ဖြစ်လာကြောင်း၊ Agent နှင့် အသုံးချခံရသူမှာ အကြမ်းဖက်ထောက်ပံ့ခြင်းလား၊ အကြမ်းဖက်သမားက လာရောက်ထုတ်ယူသည်လားဆိုသည်ကို မသိသလို ၎င်းတို့ထံက မည်သည့်အချက်အလက်မှလည်း မရလိုက်ကြောင်း၊ ငွေလွှဲခဆိုသည့် ငွေအနည်းငယ်သာရလိုက်ကြောင်း။

မိမိတို့လုံခြုံရေးအဖွဲ့များက အကြမ်းဖက်သမားများကို ဖမ်းဆီးရမိပြီး ၎င်းတို့ကို မည်သူထောက်ပံ့သည်ဟု စစ်ဆေးချိန်၌ "ဒီဖုန်းနံပါတ်ကနေ လွှဲပါတယ်၊ ငွေရပါတယ်"ဆိုပြီး Agent ၏ လုပ်ငန်းသုံးဖုန်းနံပါတ်ကို ပေးကြောင်း၊ အသုံးချခံရသည့် Agent များကို ထပ်မံစစ်ဆေးသည့်အချိန်၌ လုပ်ငန်းအရသာ လွှဲပေးလိုက်သည်ဟူ၍သာ အစစ်ဆေးခံရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်လာချိန်၌ ဥပဒေကြောင်းအရ လွှဲပေးသည့် Agent ၏ ဖုန်းနံပါတ်၊ လုပ်ငန်းလိုင်စင်၊ လွှဲခဲ့သည့်ပမာဏ၊ လွှဲခဲ့သည့်အချိန် စသည့် အထောက်အထားများအရ Agent ၌ တာဝန်ရှိလာကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဥပဒေအရ အကာအကွယ်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လှူသည်ဆိုသည့် ပုံစံမျိုးနှင့် ငွေလွှဲပေးသည့်သူများ၊ အသုံးချခံလိုက်ရသည့် ကိုယ်စားလှယ်များ၊ Agent များနှင့် ပတ်သက်၍ ငွေလွှဲသည့်သူရော ဇယားအမှတ်စဉ်(၁)၌ ပြထားသကဲ့သို့ Online မှ ငွေကြေးထောက်ပံ့ခြင်းဖြစ်သည့်အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(ခ) အရ ငြိစွန်းကြောင်း၊ တစ်ရာလှူသည်ဖြစ်စေ၊ သိန်းနှင့်ချီပြီးလှူသည်ဖြစ်စေ၊ နောက်ဆုံးလိုက်ပြီးကူရုံပါဟုဆိုသည်ဖြစ်စေ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ အရ ထောင်ဒဏ် ၃ နှစ်မှ ၇ နှစ်အထိ ချမှတ်နိုင်ကြောင်း။

မိမိကပို့လိုက်သည့်ပိုက်ဆံကို လက်ခံသည့်သူက လူသတ်ခြင်း၊ အကြမ်းဖက်မှုကျူးလွန်ခြင်း၊ အပြင်းအထန် နာကျင်စေမှုဖြစ်ခဲ့ပါက အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ အရ ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှ သေဒဏ်အထိချမှတ်နိုင်ကြောင်း၊ တစ်ကျပ်တစ်ပြားလေး လှူတာကို ထောင် ၁၀ နှစ်ကျတယ်တို့၊ သေဒဏ်ကျတယ်တို့ ဖြစ်လာလျှင် ပုဒ်မ ၅၄ နှင့်ငြိစွန်း၍ သာဖြစ်သည်ဟုသဘောပေါက်ရန်လိုကြောင်း၊ **"ဥပဒေကို မသိနားမလည်ဟု ဆိုကာမျှဖြင့် ဥပဒေက သင့်အားခွင့်လွှတ်လိမ့်မည်မဟုတ်"** ပါကြောင်း၊ ယင်းသို့သောဖြစ်စဉ်အချို့ကို စိစစ်တွေ့ရှိရသည့်အတွက် အပြစ်မရှိသည့် ပြည်သူများ အသုံးချခံမဖြစ်စေရန်၊ မနစ်နာရအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် မိမိအနေဖြင့် သတင်းစာရှင်းလင်းပွဲတွင် အကျယ်တဝင့်ပြောရခြင်းဖြစ်ပြီး တင်ပြပါဇယားကိုလည်း မီဒီယာများကို ဖြန့်ဝေလိုက်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် မီဒီယာများအနေဖြင့်လည်း ပြည်သူလူထုကို အကြမ်းဖက်သမားများ၏ အသုံးချခံမဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးကြေညာပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ် (၂၀) မြောက် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များနှင့် သတင်းမီဒီယာသမားများက သတင်းမှတ်တမ်းဓာတ်ပုံ ရယူစဉ်။

## AA, ARSA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နှစ်နိုင်ငံကြား ပြဿနာဖြစ်ပွားအောင် မီးမွှေးပေးနေ

ဆက်လက်ပြီး ယခုလဆန်းပိုင်းတွင်း၌ AA နှင့် ARSA အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်အဖွဲ့ ပူးပေါင်းပြီး မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းပေါ်၌ တိုက်ပွဲများ ဖန်တီးခဲ့ကြောင်း၊ ဩဂုတ် ၃၁ ရက်က နယ်ခြားမှတ်တိုင်အမှတ် BP 40 စခန်းကို သာလွန်အင်အားနှင့် အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ထို့ပြင် စက်တင်ဘာ ၁၆ ရက် ည ၇ နာရီခွဲ၌ BP 31 အနီး လုံခြုံရေးဆောင်ရွက်နေသည့် တောင်ပြိုဝဲရဲကင်းစခန်းအား ပါဝါပွိုင့်ပါနေရာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ရဲကင်းစခန်းနှင့် နယ်စပ်ခြံစည်းရိုးကို ကျော်လွန်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ လက်နက်ကြီးကျည် သုံးလုံး ကျရောက်ခဲ့ကြောင်း၊ ၎င်းနေ့ ည ၈ နာရီ ၁၀ မိနစ်နှင့် စက်တင်ဘာ ၁၇ ရက် နံနက်စောစောပိုင်း၌BP34အနီး တောင်ပြိုယာရဲကင်းစခန်းကို ယခင်ပစ်ခတ်သည့်နေရာမှ လက်နက်ကြီးနှင့် ထပ်မံပစ်ခဲ့ကာရဲကင်းစခန်းနှင့် နယ်စပ် ခြံစည်းရိုးကိုကျော်လွန်ပြီး ပါဝါပွိုင့်၌ ဖော်ပြထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း နေရာ လေးနေရာသို့ လက်နက်ကြီးကျည် ကိုးလုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုသို့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းမှာ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးပျက်ပြားစေရန် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်၌ရှိသည့် ပြည်သူတချို့ ထိခိုက်ဒဏ်ရာရကြောင်း သိရှိရကြောင်း၊ AA, ARSA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နှစ်နိုင်ငံကြား ပြဿနာဖြစ်ပွားအောင် မီးမွှေးပေးနေသည်ကို မိမိတို့အနေဖြင့် တွေ့ရှိရကြောင်း။

မိမိတို့ နိုင်ငံရှိ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ အမှတ် ၃၄ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်သို့ အကြောင်းကြားစာများ ပေးပို့ထားရှိပြီးဖြစ်ကြောင်း၊ စက်တင်ဘာ ၁၉ ရက်ကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို ခေါ်ယူတွေ့ဆုံပြီး ဖြစ်စဉ် အခြေအနေအမှန်ကို ရှင်းလင်းဖော်ပြထားသည့်စာလွှာကို ပေးအပ်ခဲ့ကြောင်း ဖြည့်စွက်ပြောကြားလိုကြောင်း၊ ထပ်မံဖြည့်စွက်ပြောကြားလိုသည်မှာ ဘူးသီးတောင်၊ မောင်တောဘက်အခြမ်းသည် ကုလသမဂ္ဂအထွေထွေ ညီလာခံလုပ်သည့် အချိန်တွင် နှစ်စဉ်နှစ်တိုင်းအမြဲတမ်း ပြဿနာဖြစ်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ်တွင် AA, ARSA ပူးပေါင်းပြီး နှစ်နိုင်ငံကြား ပြဿနာဖြစ်အောင် ဖန်တီးလာခြင်းဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်နှင့် မီဒီယာများအနေဖြင့်လည်း မိမိတို့၏ပြည်သူလူထုကိုအသိပေး၊သတိပေးသင့်သည်များကို အသိပေး၊ သတိပေးရန် မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

## လူဦးရေစာရင်းအပေါ် စိစစ်ဆောင်ရွက်လျက်ရှိ

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းတင်ပြရာ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်မှုအခြေအနေ၊ ( ခ ) မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက်အရပြုစုပြီးသည့် လူဦးရေစာရင်းအပေါ် စိစစ်ဆောင်ရွက်မှုအခြေအနေအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပြောကြားသည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသည့် တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်မှု အခြေအနေများကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသည့် တည်ဆဲနိုင်ငံရေးပါတီ **၉၂ ပါတီ**ရှိပြီး နိုင်ငံရေးအယူဝါဒအရ ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ **၄၃ ပါတီ**၊ တိုင်းရင်းသားမျိုးနွယ်အလိုက်ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ **၁၉ ပါတီ** နှင့် ဒေသအလိုက် ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီ **၃၀** တို့ ပါရှိကြကြောင်း၊ ယင်းတို့အနက် ပြည်ထောင်စုတစ်ဝန်းလုံး၌ စည်းရုံးမည့်ပါတီ **၇၄ ပါတီ**နှင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုအတွင်း၌ စည်းရုံးမည့်ပါတီ **၁၈ ပါတီ**ရှိပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ၏စာရင်းများကို စစ်ဆေးရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများက ကိုယ်စားလှယ်များ ပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊နိုင်ငံရေးပါတီများ စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ရာ တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီအနက် ယနေ့အထိ စစ်ဆေးပြီး ၈၅ ပါတီနှင့် စစ်ဆေးရန်ကျန်သည့် ၇ ပါတီဖြစ်ကြောင်း၊ စစ်ဆေးရာတွင် အများစုတွေ့ရှိသည့် စာရင်းဇယားများ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြုစုထားရှိမှုအားနည်းခြင်း၊ ငွေစာရင်းများ စနစ်တကျ ရေးဆွဲပြုစုခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေး၊ အတည်ပြုထားရှိရန် လိုအပ်ခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်ခြင်း၊ ပါတီတွင်း စာရင်းစစ်ကော်မတီထားရှိခြင်း၊ တတ်ကျွမ်းသည့် ရုံးအဖွဲ့ထားရှိခြင်းနှင့် ငွေစာရင်းအပါအဝင် မှတ်တမ်းစာအုပ်များစနစ်တကျ ထားရှိခြင်းများပြုလုပ်ရန် အားနည်းပျက်ကွက်ခြင်းတို့ဖြစ်ပြီး အမြန်ပြုပြင် လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ပြန်လည်တင်ပြရန်အကြောင်း ကြားပြီးဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးခဲ့မှုများအပေါ်မူတည်ပြီး ခြုံငုံသုံးသပ်တွေ့ရှိခြင်းသည် ပါတီအင်အား တစ်သိန်းအထက် စည်းရုံးနိုင်သည့်ပါတီ **လေးပါတီ**၊ တစ်သောင်းအထက် စည်းရုံးနိုင်သည့် ပါတီ **လေးပါတီ**၊ ငါးထောင်မှ တစ်သောင်းအတွင်း စည်းရုံးနိုင်သည့် ပါတီ **ခြောက်ပါတီ**၊ တစ်ထောင်မှ ငါးထောင်အတွင်း စည်းရုံးနိုင်သည့် ပါတီ **၇၀ ပါတီ**နှင့် **ငါးရာမှ တစ်ထောင်**ကြား စည်းရုံးနိုင်သည့် ပါတီ **ရှစ်ပါတီ**ရှိသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

အလားတူ ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပါတီရုံးခန်း ၁၀၀ နှင့်အထက် ဖွင့်လှစ်နိုင်သည့်ပါတီ **လေးပါတီ**၊ ရုံးခန်း ၅၀ နှင့် ၁၀၀ အကြား ဖွင့်လှစ်နိုင်သည့်ပါတီ **သုံးပါတီ**၊ ရုံးခန်း ၂၀ နှင့် ၅၀ ကြား ဖွင့်လှစ်နိုင်သည့် ပါတီ **၁၂ ပါတီ**၊ ရုံးခန်း ၁၀ မှ ၂၀ ကြား ဖွင့်လှစ်နိုင်သည့်ပါတီ **၁၄ ပါတီ**၊ ရုံးခန်း နှစ်ခန်းမှ ၁၀ အကြား ဖွင့်လှစ်နိုင်သည့် ပါတီ **၄၄ ပါတီ**နှင့် ရုံးခန်းတစ်ခန်းသာ ဖွင့်လှစ်နိုင်သည့် ပါတီ **၁၅ ပါတီ** စိစစ်တွေ့ရှိရကြောင်း၊ အထက်ပါစာရင်းများကို တင်ပြရာတွင် စစ်ဆေးရန်ကျန်ပါတီများ၏ စာရင်းများနှင့် စပ်လျဉ်းပြီး မိမိတို့ထံတွင် ယခင်ရရှိထားသည့် စာရင်းများအပေါ်မူတည်ပြီး ထည့်သွင်းတွက်ချက်ထားခြင်း ဖြစ်ပါကြောင်း( Power Point ) ဖြင့် ပြောကြားသည်။

ထို့အတူ ပါတီပိုင်ရန်ပုံငွေအနေဖြင့် သိန်းထောင်ဂဏန်းအထက်ရှိသည့် ပါတီ **၂၁ ပါတီ**၊ သိန်းရာဂဏန်းနှင့်အထက်ရှိသည့် ပါတီ **၃၀ ပါတီ**၊ သိန်းရာဂဏန်းအောက် **၂၀ ပါတီ**၊ ရန်ပုံငွေလက်ကျန်မရှိသည့်ပါတီ **၁၄ ပါတီ**ရှိပြီး ပိုင်ဆိုင်မှုစစ်ဆေးအတည်ပြုရန်ကျန်သည့်ပါတီ **ခုနစ်ပါတီ**ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မှုကို လေ့လာခြင်းအားဖြင့် ကိုယ်စားလှယ်ဦးရေ ၅၀၀ ကျော် ယှဉ်ပြိုင်နိုင်သည့် ပါတီ **သုံးပါတီ**၊ ၁၀၀ ကျော်ယှဉ်ပြိုင်နိုင်သော ပါတီ **ခုနစ်ပါတီ**၊ ၅၀ နှင့် ၁၀၀ ကြားယှဉ်ပြိုင်နိုင်သည့်ပါတီ **လေးပါတီ**၊ ၁၀ ဦးနှင့် ၅၀ ကြား ယှဉ်ပြိုင်နိုင်သည့် ပါတီ **၂၈ ပါတီ** နှင့် ၁၀ ဦးအောက် ယှဉ်ပြိုင်နိုင်သည့် ပါတီ **၄၅ ပါတီ** စိစစ်တွေ့ရှိရပါကြောင်း ပြောကြားသည်။ ထို့ကြောင့် ပါတီအသီးသီးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများအနေဖြင့် ယခင်ရွေးကောက်ပွဲတွင် သုံးစွဲခွင့်ပြုထားသည့် ရွေးကောက်ပွဲအသုံးစရိတ် ငွေကျပ်သိန်း ၁၀၀ အပေါ် သုံးစွဲခဲ့မှုအခြေအနေကို စိစစ်တွေ့ရှိရခြင်းသည် ၇၅ သိန်းမှ ၁၀၀ သိန်းအထိ သုံးစွဲသူ **၁၄ ရာခိုင်နှုန်း**၊ ၅၀ သိန်းမှ ၇၅ သိန်းကြား သုံးစွဲသူ **၃၀ ရာခိုင်နှုန်း**၊ ၁၀ သိန်းမှ ၅၀ သိန်းကြားသုံးစွဲသူ **၄၉ ရာခိုင်နှုန်း**နှင့် ငွေကျပ် ၁၀ သိန်းအောက် သုံးစွဲသူ **ခုနစ်ရာခိုင်နှုန်း** တွေ့ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်သည်**
**ရွေးကောက်ပွဲများဖြစ်**

ထိုနေရာတွင် အလေးထားတင်ပြလိုခြင်းမှာ မြန်မာနိုင်ငံသည် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပါကြောင်း၊ ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်သည် ရွေးကောက်ပွဲများဖြစ်ပြီး ရွေးကောက်ပွဲတွင် အဓိက ပါဝင်ယှဉ်ပြိုင်ကြခြင်းသည် နိုင်ငံရေးပါတီများဖြစ်ကြောင်း၊ ထို့အတူ ရွေးကောက်ပွဲများ ကျင်းပခြင်းနှင့် နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းတို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိက လုပ်ငန်းတာဝန်များဖြစ်ခြင်းကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးနှင့် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်ပေါ်လာရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။


အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း
( ကချင်ပြည်နယ် )


အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း
(တနင်္သာရီတိုင်းဒေသကြီး )


အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း
( ကယားပြည်နယ် )


အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း
( ပဲခူးတိုင်းဒေသကြီး )

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အချိုးကျ ကိုယ်စားပြုစနစ် (PR) နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း မှတ်တမ်းဓာတ်ပုံ။**

ယခုဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ ရွှေ့ပြောင်းလုပ်ငန်းစီမံချက်အရ ပြုစုပြီးသည့် လူဦးရေစာရင်းအပေါ် Initial Voter List Scrutinizer Software (IVLS) ဖြင့် စိစစ်ဆောင်ရွက်မှု အခြေအနေများကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကကျင်းပမည့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ပြုစုထားသည့် အိမ်ထောင်စု လူဦးရေစာရင်းပုံစံ( ၆၆/၆ )များကို ရယူအခြေခံပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ထားသည့် မဲစာရင်းများကို ပြင်ဆင်ပြုစုခြင်းလုပ်ငန်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့နောက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) များကို အခြေခံ၍ ပြုစုထားသည့်စာရင်းများကို ပြည်ထဲရေးဝန်ကြီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကပြုစုထားသည့် မြေပြင်လူဦးရေစာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးသည့် ရွှေ့ပြောင်းလုပ်ငန်းစီမံချက်ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ်၌ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ မြို့နယ်အပါအဝင် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်မှ စိစစ်တွေ့ရှိချက်များအပေါ် သုံးသပ်အခြေခံပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွှေ့ပြောင်းလုပ်ငန်းစီမံချက်ကို ဆက်လက်ဆောင်ရွက်ခဲ့ခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များအလိုက် ရွှေ့ပြောင်းလုပ်ငန်းစီမံချက်အရပြုစုပြီးသည့် လူဦးရေစာရင်းများအနက် အခြေခံမဲစာရင်းတွင် ဥပဒေအရ မထည့်သွင်းရမည့် လူဦးရေစာရင်းများဖြစ်သည့် လဝကပုံစံ (၆၆/၆) ရှိသော်လည်း မြေပြင်နေထိုင်မှု မရှိသူများ၊ သေဆုံးသူများ၊ အခြားမြို့နယ်၏ လဝက ပုံစံ(၆၆/၆)ဖြင့်နေထိုင်သူများ၊ လဝကပုံစံ(၆၆/၆)မရှိဘဲ မြေပြင်တွင် နေထိုင်သူများကို နုတ်ပယ်ပြီး ကျန်ရှိသည့် လူဦးရေစာရင်းများကို အခြေခံမဲစာရင်း ပြုစုနိုင်ရန် ကနဦးမဲဆန္ဒရှင်စိစစ်ခြင်းစနစ်(IVLS)ဖြင့် စိစစ်ခြင်းကို ဆက်လက် ဆောင်ရွက်ခဲ့ရာ ချင်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး/ ပြည်နယ်အားလုံးကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် စိစစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုအထဲမှ နယ်မြေလုံခြုံရေးအခြေအနေအရ မစိစစ်နိုင်သေးသည့် မြို့နယ်အချို့ကျန်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျင်းပပြုလုပ်ရမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရန်အတွက် ယခုစိစစ်ရာတွင်တွေ့ရှိရသည့် သေဆုံးသူများနှင့် လဝကပုံစံ (၆၆/၆) ရှိပြီး မြေပြင်တွင် နေထိုင်မှုမရှိသူများကို စိစစ်ပယ်ဖျက်နိုင်ရေးနှင့် လဝကပုံစံ(၆၆/၆)မရှိဘဲ နေထိုင်သူများနှင့် အခြားမြို့နယ်၏ လဝက ပုံစံ (၆၆/၆) ဖြင့် နေထိုင်သူများကို လက်ရှိနေထိုင်ရာဒေသ မဲစာရင်းတွင် ပါဝင်လာနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က IVLS နှင့် စိစစ်ထားသည့် စာရင်းဇယားများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းပန်ကြားအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအကြိုကာလလုပ်ငန်းစဉ်များဖြစ်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးနှင့် နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း၊ အခြေခံမဲဆန္ဒရှင် စာရင်းပြုစုခြင်းနှင့် Up date ပြုလုပ်နိုင်ရေးဆောင်ရွက်ခြင်း၊ ဝန်ထမ်းများဖြည့်တင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲရုံများစုဖွဲ့ခြင်းနှင့် မဲရုံသုံးပစ္စည်းစာရင်းများ ပြုစုပြင်ဆင်ခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ တည်ဆောက်ခြင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်စစ်ဆေးခြင်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနေရာတွင် အလေးထားတင်ပြလိုခြင်းသည် ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် အချိုးကျ ကိုယ်စားပြုစနစ်(PR)နှင့် ဥပဒေမူဘောင်အပါအဝင် သိသင့်သိထိုက်သည့် အကြောင်းအရာများကို မဲဆန္ဒရှင်ပြည်သူများ သိရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်သတင်းစာများမှ နိုင်ငံတကာရွေးကောက်ပွဲစနစ်များ အပါအဝင် ရွေးကောက်ပွဲဆိုင်ရာဆောင်းပါး **၄၆ ပုဒ်**ကို ရေးသားဖော်ပြခဲ့ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစာအုပ် **လေးအုပ်** ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ PR စနစ်နှင့် ပတ်သက်ပြီး မဲဆန္ဒရှင်အသိပညာပေး ရုပ်/သံအစီအစဉ် **နှစ်ခု**ကို ရိုက်ကူးခဲ့ပြီး နိုင်ငံပိုင် ရုပ်မြင်သံကြားအစီအစဉ်များတွင် ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ သီချင်း **သုံးပုဒ်**ကိုလည်း ရိုက်ကူးထားပြီဖြစ်ကြောင်း၊ ထို့အတူ မဲဆန္ဒရှင်များ မဲရုံတွင် စနစ်တကျ မဲပေးနိုင်ရေး မဲရုံသရုပ်ပြအစီအစဉ်ကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ရိုက်ကူးလျက်ရှိကြောင်း၊ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် မိမိကွပ်ကဲမှုနယ်မြေဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်က ဝန်ထမ်းများကို အချိုးကျကိုယ်စားပြုစနစ်နှင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေနှင့် စပ်လျဉ်းပြီး ကိုယ်တိုင်သွားရောက်၍လည်းကောင်း Online မှတစ်ဆင့်လည်းကောင်း ဆွေးနွေးပို့ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ် (၁) ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၇၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၅၅ | ၃၀၀၅ |
| 95 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၈၀ | ၂၂၆၀ | ၂၃၅၀ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၀၉၅ |
| HSD (500 ppm) | ၂၆၄၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၈၅ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၀ | ၂၉၅၀ | ၃၇၀၀ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၅ | ၂၈၈၀ | ၂၈၇၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၁၅ | ၂၈၁၅ | ၃၀၃၅ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၇ | ၂၁၂၁ |
| 95 Ron | ၂၁၂၂ | ၂၁၉၈ |
| HSD (500 ppm) | ၂၅၃၂ | ၂၆၁၃ |
| HSD (50 ppm) | ၂၆၁၂ | ၂၆၉၄ |
| HSD (10 ppm) | ၂၆၁၂ | ၂၆၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ၏ ခြံထွက် ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ပျားရည်၊ နို့ထွက်ပစ္စည်းများ၊ ငါး၊ ငါးပိ၊ ငါးခြောက်များ ဖြန့်ဖြူးရောင်းချပေး



**နေပြည်တော် စက်တင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ သုတေသနခြံများ၊ နည်းပညာပေးလုပ်ငန်းအတွက် စံနမူနာပြ စိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထွက်ရှိသည့် အခြေခံစားသောက်ကုန်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ပူးပေါင်းပါဝင်မှုဖြင့် ခြံထွက် ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ပျားရည်၊ နို့ထွက်ပစ္စည်းများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးပိ၊ ငါးခြောက်လုပ်ငန်းရှင်များအသင်း၏ ပူးပေါင်းပါဝင်မှုဖြင့် ငါး၊ ငါးပိ၊ ငါးခြောက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ စီစဉ်သတ်မှတ်ပေးသည့် မြို့မဈေးကားရပ်နားကွင်းမြေကွက်လပ်တွင် ရုံးဝန်ထမ်းများ၊ နေပြည်တော်နေပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပြီး ဝန်ကြီးဌာနရုံးများ၊ အဖွဲ့အစည်းများသို့လည်း ရွေ့လျားဈေးရောင်းယာဉ်ဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့ညနေပိုင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇) သို့ သွားရောက်ရောင်းချပေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူများက ရောင်းချပေးခြင်းကြောင့် သန့်ရှင်းလတ်ဆတ်မှုရှိခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရဖြစ်စေသည့် သီးနှံသားငါးများဖြစ်ခြင်းတို့ကြောင့် လာရောက်ဝယ်ယူသူ များပြားခဲ့ကြောင်း သိရသည်။

အလားတူ အခြားဝန်ကြီးဌာနရုံး၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော်နေပြည်သူများ သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူဝယ်ယူနိုင်ရန် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးအနီး အအေးခန်းသိုလှောင်ရုံတွင် စနစ်တကျ သိုလှောင်ထားရှိပြီး ရွေ့လျားဈေးရောင်းယာဉ်ဖြင့် လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၃**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

## မိုင်းရယ်မြို့နယ် မန်ပုံကျေးရွာ ကုန်ထုတ်လမ်း ၈၅ ရာခိုင်နှုန်း ပြီးစီး

**မိုင်းရယ် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၆ သန်းဖြင့် သပြေငြိမ်းကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မန်ပုံအုပ်စု မန်ပုံ(တောင်ယာသွားလမ်း)ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ရာ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦး က တာဝန်ရှိဝန်ထမ်းများ၊ သပြေငြိမ်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့် အတူ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးပြောကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းပြီးစီးပါက မန်ပုံ-နောင်ခိုကျေးရွာရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေ ဧက ၁၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများမှ ထွက်ရှိသောထုတ်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



**မိုင်းရယ် (မြန်/ဆက်)**

# ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးများအပေါ် အားရကျေနပ်ခြင်းမရှိ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ရန် ဒဗလျူအိတ်ချ်အိုအကြီးအကဲ တိုက်တွန်း

ဂျီနီဗာ စက်တင်ဘာ ၂၃

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်မှုများအပေါ် အားရကျေနပ်မှု မရှိစေရန်၊ ဆက်လက်ဖြစ်ပွားနေသောကပ်ရောဂါမှ ကျန်းမာရေးနှင့် စီးပွားရေးပျက်စီးမှုများကို ကာကွယ်ရန်နှင့် ပြည်သူများ၏အသက်များကိုကယ်တင်ရန် နိုင်ငံရေးကတိကဝတ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားရန် တိုက်တွန်းလိုက်သည်။**




ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ် အက်ဒါနွှမ်ဂီဘရီယက်စ်ဆုစ်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် မပြီးဆုံးသေးကြောင်း၊သို့သော်လည်းကပ်ရောဂါအဆုံးသတ်သည် မိမိတို့မျက်မှောက်ရှေ့တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကပ်ရောဂါအဆုံးသတ်ကို တွေ့မြင်ခြင်းသည် အားလုံးပြီးဆုံးသွားပြီဟု မဆိုလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အက်ဒါနွှမ်ဂီဘရီယက်စ်ဆုစ်က စက်တင်ဘာ ၂၃ ရက်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် တစ်ပတ်လျှင် သေဆုံးသူ ၁၀၀၀၀ ကျော်အထိ ဖြစ်ပေါ်လျက်ရှိသေးကြောင်း၊ အထူးသဖြင့် ဝင်ငွေနည်းနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများ၌ ကာကွယ်ဆေးကွာဟမှု ကြီးမားနေသေးကြောင်း တက်ဒရော့စ်က သတိပေးပြောကြားလိုက်သည်။

လူတိုင်းလူတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကင်းဝေးအောင် အခြေခံနည်းလမ်းများကို လိုက်နာကျင့်သုံးနေထိုင်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ကင်းဝေးစေမည့် အခြေခံနည်းလမ်းများမှာ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လေဝင်လေထွက်ကောင်းအောင် လုပ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခြင်း၊ သတင်းပေးကုသမှုခံယူခြင်းတို့ ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုအကြီးအကဲက ပြောကြားလိုက်သည်။

ဆင်ဟွာ

# အမေရိကန်နျူကလီးယား စွမ်းအင်သုံး လေယာဉ်တင်သင်္ဘော နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် တောင်ကိုရီးယားသို့ရောက်ရှိ

ဆိုးလ် စက်တင်ဘာ ၂၃

နှစ်နိုင်ငံကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် အမေရိကန်နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောသည် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာပြီဖြစ်သည်။

ယူအက်စ်အက်စ် ရော်နယ်ရေဂန် လေယာဉ်တင်သင်္ဘောသည် တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဘူဆန်မြို့၌ သောကြာနေ့က ဆိုက်ကပ်ခဲ့သည်။ လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် ရော်နယ်ရေဂန်၏ တပ်မှူး ရေတပ်ဗိုလ်ချုပ် မိုက်ကယ်ဒွန်နယ်လီက ရေယာဉ်ကုန်းပတ်ပေါ်တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ကိုရီးယားကျွန်းဆွယ်တွင်ပြုလုပ်သည့် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုက အမေရိကန်သည်တောင်ကိုရီးယားနှင့်အတူ ရပ်တည်လျက်ရှိသည်ကို ပြသလျက်ရှိကြောင်း ပြောကြားလိုက်သည်။



အမေရိကန်နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်ရော်နယ်ရေဂန်ကို တွေ့ရစဉ်။

နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုက နှစ်နိုင်ငံရေတပ်များသည် မည်သည့်စိန်ခေါ်မှုသို့မဟုတ် ခြိမ်းခြောက်မှုဟူသမျှမဆို လိုအပ်သည့်အချိန်တိုင်း အပြန်အလှန် ပူးပေါင်းရင်ဆိုင်သွားမည်ကို ပြသလျက်ရှိသည်။

နှစ်နိုင်ငံရေတပ်များသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အဓိကအားဖြင့် ဂျပန်ပင်လယ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားကမ်းရိုးတန်းအနီး ရွှေ့ပြောင်းလှေမှောက်မှု ၃၄ ဦး သေဆုံး

ဒမတ်စကတ် စက်တင်ဘာ ၂၃

လက်ဘနွန်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများကို တင်ဆောင်လာသော လှေတစ်စင်းသည် စက်တင်ဘာ ၂၂ ရက်တွင် ဆီးရီးယားရေပိုင်နက်အတွင်း တိမ်းမှောက်သွားရာ ၃၄ ဦးထက်မနည်း သေဆုံးပြီး အမြောက်အမြားဒဏ်ရာရရှိကြောင်း ဆီးရီးယားကျန်းမာရေးဝန်ကြီးဌာနက ကြေညာထားသည်။

လှေပေါ်ပါ လူ ၂၀ ကို ကယ်ဆယ်ခဲ့ပြီး ၎င်းတို့မှာ လက်ရှိတွင် စက်လှေနစ်မြုပ်ရာအနီးရှိ ကမ်းရိုးတန်းမြို့ဖြစ်သည့် တာတူမြို့၌ ဆေးကုသမှုခံယူနေကြောင်း ဝန်ကြီးဌာနမှ သိရသည်။ အဆိုပါနစ်မြုပ်သွားသည့်လှေမှာ လက်ဘနွန်၊ ဆီးရီးယားနှင့် အခြားအမည်မသိသော နိုင်ငံသားများအပါအဝင် လူပေါင်း ၁၂၀ မှ ၁၅၀ ကြားတင်ဆောင်လာကာ ဆိုက်ပရပ်စ်သို့ ဦးတည်လာကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က သတင်းရင်းမြစ်များကို ကိုးကား၍ ပြောကြားသည်။

လှေနစ်မြုပ်မှုဖြစ်ပွားရာ၌ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေရာတွင် ဆီးရီးယားစစ်တပ်ရဟတ်ယာဉ်နှင့် ဒေသခံငါးဖမ်းလှေများ အသုံးပြုခဲ့ကြောင်း ဗြိတိန်အခြေစိုက် စောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ဆင်ဟွာ

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးနစ်မြုပ်မှု လူ ၂၀ ကျော် သေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၃**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မုတ်သုံရာသီမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၂၀ ကျော် သေဆုံးကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က ပြောကြားသည်။



အဆိုပါ ရေကြီးမှုဖြစ်စဉ်များတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေး ၁၅ ဦး သေဆုံးကြောင်း အင်န်ဒီအမ်အေက စက်တင်ဘာ ၂၂ ရက် ညနေပိုင်းက ထုတ်ပြန်ထားသည်။ နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်သည် ရေကြီးမှုကြောင့် သေဆုံးသူ ၁၇ ဦးရှိကာ အဆိုးရွားဆုံးရေဘေးသင့်သည့် ဒေသဖြစ်ပြီး နိုင်ငံအနောက်တောင်ပိုင်း ဘယ်လိုချီစတန် ပြည်နယ်၌ သေဆုံးသူ သုံးဦးရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်မှစကာ မုတ်သုံရာသီမိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် သေဆုံးသူစုစုပေါင်း ၁၅၉၆ ဦး အထိမြင့်တက်လာကာ ဒဏ်ရာရရှိသူ ၁၂၈၆၃ ဦးရှိကြောင်း အင်န်ဒီအမ်အေ ကပြောကြားသည်။

နိုင်ငံတစ်ဝန်း မိုးရာသီအတွင်း အိမ်ခြေ ၂၀၁၆၀၀၈ လုံး ပျက်စီးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၁၀၄၀၇၃၅ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၃၈၃ ဦးတွေ့ရှိ

နယူးဒေလီ စက်တင်ဘာ ၂၃

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၃၈၃ ဦး တွေ့ရှိလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၄၅၅၈၄၂၅ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၀ ရှိသဖြင့် နိုင်ငံအတွင်း ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစကာ သေဆုံးသူစုစုပေါင်း ၅၂၈၄၄၉ ဦး ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူ ၆၄၂၄ ဦးရှိလာသဖြင့် ရောဂါပျောက်ကင်းလာပြီး ဆေးရုံမှဆင်းခွင့်ရသူစုစုပေါင်း ၄၃၉၈၄၆၉၅ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

## အယ်လ်ဆာဗေဒိုနိုင်ငံ၌ မြေပြိုမှုဖြစ်ပွား ခုနစ်ဦးသေဆုံး

ဆန်ဆာဗာဒေါ စက်တင်ဘာ ၂၃

အယ်လ်ဆာဗေဒိုး နိုင်ငံ၌ စင်တင်ဘာ ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှု ဖြစ်ပွားရာ နေအိမ်ပြိုကျသဖြင့် မိသားစုဝင်ငါးဦးအပါအဝင် ခုနစ်ဦးထက်မနည်း သေဆုံးကြောင်း နိုင်ငံ၏ ပြည်သူ့ကာကွယ်ရေး အထွေထွေ ညွှန်ကြားမှုဦးစီးဌာနက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုကျမှုဖြစ်ပွားခြင်းကြောင့် ပန်ချီမယ်ကိုမြို့၌ သေဆုံးသူနှစ်ဦးရှိပြီး ဟယ်ဇူကာမြို့၌ မိသားစုတစ်စုဖြစ်သည့် အရွယ်မရောက်သေးသူ သုံးဦးနှင့် လူကြီးနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမေရိကအလယ်ပိုင်းနိုင်ငံဖြစ်သည့် အယ်လ်ဆာဗေဒိုနိုင်ငံ၌ စက်တင်ဘာ ၁ ရက်မှ ၂၁ ရက်အတွင်း မြေပြိုမှုအကြိမ်ရေ ၁၆၀ ဖြစ်ပွားကြောင်း သိရသည်။ **ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## ဘူးသီးတောင်မြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေး နှာခေါင်းစည်းတပ်ဆင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဘူးသီးတောင် စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် ဘူးသီးတောင် မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေး အတွက် ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းက ဘူးသီးတောင်မြို့ မြို့စည်ပင်သာယာ ဈေးရှေ့၌ ဈေးရောင်း ဈေးဝယ်သူများအား နှာခေါင်းစည်း တပ်ဆင်ပြီးမှ အပြင်ထွက်ကြရန် အသိပညာပေး ဟောပြောပေးခြင်းနှင့် နှာခေါင်းစည်းများ(အခမဲ့) ဖြန့်ဝေခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျန်အေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက လမ်းသွား လမ်းလာသူများနှင့် ဈေးရောင်း ဈေးဝယ်သူများအား နှာခေါင်းစည်းများ အခမဲ့ တပ်ဆင်ပေးခြင်း၊ ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း BA-5 ရောဂါသည် ပြည်တွင်း ကူးစက်မှု ပြန်လည်ဖြစ်ပွားလာပြီ ဖြစ်သဖြင့် ကာကွယ်၊ ထိန်းချုပ်နိုင်ရန် ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့် အညီ လိုက်နာကြရန်၊ ပြည်သူများ အိမ်အပြင်ထွက်ပါက မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်သွားလာရန်၊ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံကြရန်တို့ကို အသိပေး ပြောကြားခဲ့ပြီး ဈေးရောင်း ဈေးဝယ်သူများ၊ လမ်းသွား လမ်းလာများအား နှာခေါင်းစည်း ၂၀၀၀ ခန့် အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။



**လှကျော်(ပြန်/ဆက်)**

## ချောက်မြို့နယ်၌ အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်)ကျောင်း၌ နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်

**ချောက် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ခရိုင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ စက်တင်ဘာ ၂၂ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်) ကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းတပ်ဆင်ရေး နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခဲ့ကြောင်း သိရသည်။




ထိုသို့ဆောင်ရွက်ရာတွင် ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးကျော် ဦးဆောင်၍ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းနွမ်ခမ်းခေါင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ချောက်) ကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ သွားလာနေထိုင်ကြရန်နှင့် တစ်ဦးတစ်ယောက်ချင်းစီအလိုက် မိမိတို့၏ ကျန်းမာရေး အသိစိတ်များနှင့်အညီ ရောဂါကူးစက်မှုမရှိရေး သတိပြုနေထိုင်ကြရန် အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းအခုရေ ၁၀၀၀ ကို အခမဲ့ ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ်ရှိ လမ်းမကြီးနှင့် လမ်းဆုံလမ်းခွနေရာများ၌ နှာခေါင်းစည်းကမ်ပိန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဇီးကုန်း စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်စေရေးအတွက် လမ်းသွားလာရာတွင် နှာခေါင်းစည်းများ တပ်ဆင်သွားလာကြရန် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ စက်တင်ဘာ ၂၂ ရက်က လူစည်ကားရာ ရန်ကုန်-ပြည် ကားလမ်းမီးပွိုင့်လမ်းဆုံနှင့် မြို့မဈေးကြီး၌ ပြည်သူများအား နှာခေါင်းစည်း တပ်ဆင်သွားလာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း ကမ်ပိန်း ပြုလုပ်၍ နှာခေါင်းစည်းများ အခမဲ့ ဝေငှပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ အိုမီခရွန် မျိုးကွဲများဖြစ်သော BA-4 တို့ BA-5 ကူးစက်မှု တွေ့ရှိလာသောကြောင့် ပြည်သူများ ကူးစက်ပြန့်ပွားမှု တားဆီး ကာကွယ်နိုင်ရေးနှင့် လျော့ကျစေရေးအတွက် အပြင်ထွက်တိုင်း နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ရေး အသိပညာပေး ပြောကြားပြီး နှာခေါင်းစည်းအခုရေ ၁၅၀၀ ကို အခမဲ့ ဝေငှပေးကြောင်း သိရသည်။

**တင့်ဆွေ (ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရပ်စောက်**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်၌ စက်တင်ဘာ ၂၂ ရက်က စတင်၍ ရပ်စောက်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောက်စိမ်းခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးပြီး ကာကွယ်ဆေးလုံးဝ မထိုးနှံရသေးသောသူများကိုလည်း ပထမအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ရပ်စောက်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၂၃၂ ကျောင်းရှိပြီး အသက် ၁၂ နှစ်အထက် အပိုဆောင်းကာကွယ်ဆေးထိုးနှံပြီး ကျောင်းသား ကျောင်းသူ ၆၀၇ ဦးဖြစ်ကာ ဆက်လက်ထိုးနှံပေးမည့် ကျောင်းသား ကျောင်းသူဦးရေမှာ ၆၂၆၈ ဦး ဖြစ်ကြောင်းနှင့် ယခုထိုးနှံပေးရာတွင် ကိုယ်ပိုင်ကျောင်းများလည်း ပါဝင်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ပေါက်ခေါင်း**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကို ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှု မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို စဉ်ဆက်မပြတ်ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်က ပေါက်ခေါင်းမြို့ စည်ပင်သာယာဈေးကြီးရှေ့၌ ဈေးရောင်း ဈေးဝယ်များနှင့် ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ယာယီအခန်းဖွင့်လှစ်၍ ကာကွယ်ဆေးထပ်ဆောင်းအကြိမ်ကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင် (ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

(၂၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၄၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၀၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၆၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၈၃,၇၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၀,၇၄၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၆,၅၀၆) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၃) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄)ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး၊ ပြည်သူများလက်ဝယ်အရောက် နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**နေပြည်တော် စက်တင်ဘာ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၇၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၆၀၈၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၄၃၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၇၂၆၅ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၂၇၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ကျောင်းသားကျောင်းသူ ၂၃၆၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ကျောင်းသားကျောင်းသူ ၅၃၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင်နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့် မြို့နှင့်ဖျာပုံမြို့၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သိရသည်။**(အောက်ပုံ)**

**သတင်းစဉ်**





## ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ဈေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများအလိုက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင်ဈေး၌ ဈေးရောင်းချလျက်ရှိသော ဈေးသူ/ဈေးသားများနှင့် ဈေးဝယ်လာရောက်သည့် အများပြည်သူများကို ပါးစပ်နှင့်နှာခေါင်းစည်းများ မပျက်မကွက် တပ်ဆင်စေရေး နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်း၊ ကိုယ်ပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်အကွာအဝေးများအတိုင်း ဈေးခင်းကျင်းရောင်းချခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသူများ နီးစပ်ရာ ကျန်းမာရေးဌာန၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံရေး အသိပညာပေး နှိုးဆော်ခြင်းများကို ယမန်နေ့က နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူး ဦးစိုးဟန်နှင့် ဈေးများဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သိကောင်းစရာ

- **မြန်မာနိုင်ငံမှာ ဘယ်လိုကုမ္ပဏီအမျိုးအစားတွေ မှတ်ပုံတင်ရပါသလဲ။**
- မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အရ မှတ်ပုံတင်နိုင်တဲ့ ကုမ္ပဏီ အဓိက မျိုးအစား ၃ မျိုးရှိပါတယ်။ အဲဒါတွေကတော့ အစုရှယ်ယာနဲ့ တာဝန်ကန့်သတ်ထားတဲ့ ကုမ္ပဏီ၊ ခံဝန်ချက်အား ဖြင့် တာဝန်ကန့်သတ်ထားတဲ့ ကုမ္ပဏီနဲ့ တာဝန်ကန့်သတ်မထားတဲ့ကုမ္ပဏီတို့ဖြစ်ပါတယ်။
- **ကုမ္ပဏီတစ်ခုတည်ထောင်တဲ့အခါ မှတ်ပုံတင်ကြေး ဘယ်လောက်ကျပြီး အချိန်ဘယ်လောက် ကြာမြင့်မလဲ။**
- ဘယ်လို ကုမ္ပဏီအမျိုးအစားအတွက်မဆို မှတ်ပုံတင်ကြေးအတွက် ငွေကျပ် ၁၅၀၀၀၀ ကျသင့်မှာဖြစ်ပြီး အများပိုင်ကုမ္ပဏီအမျိုးအစားဆိုရင်တော့ ကုမ္ပဏီမှတ်ပုံတင်ကြေး ကျပ် ၂၅၀၀၀၀၀ ကျသင့်မှာဖြစ်ပါတယ်။ ကုမ္ပဏီတွေအနေနဲ့ DICA သို့ ကုမ္ပဏီမှတ်ပုံတင်ကြေးပေးသွင်းပြီးတဲ့အခါ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ကို ထုတ်ယူနိုင်မှာ ဖြစ်ပါတယ်။
- **ကုမ္ပဏီမှတ်ပုံတင်တဲ့အခါ အနည်းဆုံးမတည်ငွေသတ်မှတ်ချက်က မည်မျှသတ်မှတ်ထားပါသလဲ။**
- ကုမ္ပဏီတွေအနေနဲ့ မှတ်ပုံတင်တဲ့အခါ အနည်းဆုံးမတည်ရင်းနှီးငွေထားရှိဖို့ မလိုအပ်ပါဘူး။ ဘဏ်လုပ်ငန်းကုမ္ပဏီတွေ၊ အာမခံလုပ်ငန်း၊ ငွေချေးသက်သေခံလုပ်ငန်းကုမ္ပဏီတွေအနေနဲ့ကတော့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်းများအတိုင်း အနည်းဆုံးမတည်ရင်းနှီးငွေ သတ်မှတ်ချက်တွေကို လိုက်နာရမှာဖြစ်ပါတယ်။

**(ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အချက်အလက်များရယူပါသည်)**

## ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများနှင့် တွေ့ဆုံဆွေးနွေး

**လွိုင်ကော် စက်တင်ဘာ ၂၃**

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် စက်တင်ဘာ ၂၀ ရက်က ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဒီမော့ဆိုမြို့နယ်ရှိ ဟိုတယ်လုပ်ငန်းကို Video Conferencing စနစ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လွိုင်ကော်မြို့တွင် ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တုများကို သန့်စင်၍ စက်မှုကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌လည်းကောင်း တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ဝဝ၈

## တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကူအညီဖြင့် ပညာသင်ဆုပေး

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၂၂ ခုနှစ် တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သည့် ပညာသင်ဆု ဘွဲ့နှင်းသဘင်အခမ်းအနားကို စက်တင်ဘာလတတိယပတ်က နေပြည်တော်၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး စီးပွားရေးသံမှူး Mr. Tan Shufu က ကျောင်းသားကျောင်းသူများထံသို့ ဘွဲ့လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မိုးချယ်က အမှာစကားပြောကြားခဲ့သည်။

စီးပွားရေးသံမှူးက အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှား၍ ပညာကြိုးစားသင်ယူပြီးမြောက်ခဲ့သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုစကားပြောကြားပြီး တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍဆိုင်ရာ ကူးလူးဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်အမြဲများစွာအလေးထားကြောင်း၊ သမ္မတ Mr. Xi Jinping သည် ကမ္ဘာ့တောင်ဘက်ခြမ်း ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး(South–South cooperation)နှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်စတီကျူ တည်ထောင်ရေးကို ကိုယ်တိုင်ကိုယ်ကျ အလေးထား၊ မြှင့်တင်ပေးပြီး တရုတ်နိုင်ငံ၏ နိုင်ငံစီမံအုပ်ချုပ်ရေးအတွေ့အကြုံများကို မျှဝေကာ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားအတွက် အဆင့်မြင့်စီမံခန့်ခွဲရေးလူတော်လူချွန်များ ပျိုးထောင်ပေးရန် ကြိုးပမ်းလျက်ရှိကြောင်း၊ တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သည့် ပညာသင်ဆုစီမံကိန်းမှ တစ်ဆင့်မြန်မာနိုင်ငံမှကျောင်းသားကျောင်းသူ ၂၀၀ ကျော်သည် တရုတ်နိုင်ငံ၏ အဆင့်မြင့်တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

ဦးအောင်မိုးချယ်က မြန်မာနိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်အထောက်အပံ့များ ပေးအပ်သည့်အတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ သင်ယူလေ့လာခဲ့သည့် အတတ်ပညာများနှင့် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွေ့အကြုံများကို လက်တွေ့လုပ်ငန်းများတွင် အသုံးချပြီး သက်ဆိုင်ရာနယ်ပယ်များမှလုပ်ငန်းများ တိုးတက်ရေးကို ပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။




တရုတ်စီးပွားရေးသံမှူးနှင့် ဘွဲ့ရကျောင်းသား ကျောင်းသူများ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

ဝဝ၈

## ကိုရီးယား-မြန်မာ TASK စီမံကိန်းနှင့် စပ်လျဉ်းသည့် အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

ကိုရီးယား-မြန်မာ Technology Advice and Solutions from Korea (TASK) စီမံကိန်းနှင့်စပ်လျဉ်း၍ အစည်းအဝေးကို ရန်ကုန်မြို့ Pan Pacific Hotel ၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ဦးဆောင်သောတာဝန်ရှိသူများနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Food Research Institute (KFRI) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

TASK Project သည် မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်ငန်းများတွင် ကြုံတွေ့နေရသော နည်းပညာဆိုင်ရာ အခက်အခဲများကို ကိုရီးယားသမ္မတနိုင်ငံမှ ကျွမ်းကျင်သူများက ဆွေးနွေးအကြံပြုပံ့ပိုးခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ စားသောက်ကုန်ထုတ်စက်ရုံများသို့ သွားရောက်လေ့လာခွင့်ရရှိခြင်းတို့ကြောင့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များ၏ အရည်အသွေးနှင့် အစားအစာလုံခြုံဘေးကင်းမှုကို မြှင့်တင်နိုင်မည်ဖြစ်ပြီး ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိစေမည့်အစီအမံတစ်ခုလည်း ဖြစ်သည်။

အစည်းအဝေးတွင် TASK Project ရှေ့ဆက်အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များ၊ TASK စီမံကိန်းတွင်ပါဝင်သော ကုမ္ပဏီ ၁၀ ခုက ကြုံတွေ့နေရသော နည်းပညာအခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြီး စက်တင်ဘာ ၁၆ ရက်တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ သက်ဆိုင်ရာ အရာရှိများနှင့် KFRI မှ တာဝန်ရှိသူများက လှိုင်သာယာစက်မှုဇုန်ရှိ Golden Myanmar Honey ကုမ္ပဏီလီမိတက်၏ ပျားရည်ထုတ်လုပ်သောစက်ရုံသို့ သွားရောက်လေ့လာ၍ နည်းပညာဆိုင်ရာ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဝဝ၈

## တစ်ပတ်အတွင်း ကုန်စည်ဈေးကွက်

ယခုသီတင်းပတ်အတွင်း ရန်ကုန်ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ကြက်သွန်နီ၊ သကြားဈေးနှုန်းများ အနည်းငယ်မြင့်တက်လာခဲ့သည်။ စားအုန်းဆီ၊ ငရုတ်ဈေးနှုန်းများ မြင့်တက်ရာမှ ပြန်လည်ဈေးကျဆင်းလာပြီး တရုတ်အာလူး၊ ကြက်သွန်ဖြူ (ကြူကုတ်)နှင့် မတ်ပဲဈေးများလည်း အကျဘက်သို့ ဦးတည်လာကာ ကျန်အခြေခံစားကုန်များ ဈေးနှုန်းတန့်နေသည်ကို တွေ့ရသည်။

**ဆန်**

ပြည်တွင်းငွေလဲလှယ်နှုန်းထားများ အနည်းငယ်ကျဆင်းလာချိန် ဆန်ဈေးနှုန်းများလည်း ယခုထက် ပိုမိုကျဆင်းလာနိုင်ကြောင်း ကုန်သည်များက မျှော်လင့်နေကြသည်။ ယခုကာလသည် မိုးစပါးအကြမ်း အသစ်များ ရိတ်သိမ်းချိန်လည်းဖြစ်ရာ ရန်ကုန်-ပြည်တစ်လျှောက် မြို့အချို့မှ မိုးကာလဧယာဆန်ကြမ်းအသစ် (ဘုရင့်နောင်အခေါ်) လမ်းဆန်များက ရန်ကုန်ဈေးကွက်သို့တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀ ဝန်းကျင်ဖြင့် စတင်ဝင်ရောက်လာခဲ့သည်။ ဈေးနှုန်းများအနေဖြင့် ပေါ်ဆန်းတစ်အိတ်ကျပ် ၆၁၀၀၀၊ ပေါ်ဆန်းရှယ် ကျပ် ၆၄၅၀၀၊ ကြာပျံရှယ်ကျပ် ၆၈၀၀၀၊ ခွံနီရှယ် ကျပ် ၅၅၀၀၀၊ ရက် ၉၀ ဆန် ကျပ် ၄၈၅၀၀ နှင့် သီးထပ်ရှယ်မှာ ကျပ် ၄၄၅၀၀ ဈေးရှိကာ ဆန်အဝင်ပုံမှန်ရှိ၍ အရောင်းအဝယ်အေးလျက်ရှိကြောင်း ဆန်စပါးအသင်းချုပ်မှ သိရသည်။

**ပဲအမျိုးမျိုး**

ဈေးနှုန်းအတက်အကျဖြစ်နေသော မတ်ပဲ(RC) မှာ စက်တင်ဘာ ၂၁ ရက်တွင် တစ်တန် ငွေကျပ် သိန်း ၂၀ အောက်သို့ ပြန်လည်ကျဆင်းလာပြန်သည်။ ယင်းနေ့တွင် မတ်ပဲ (FAQ/RC) တစ်တန်ကျပ် ၁၉၉၄၀၀၀၊ (SQ/RC) တစ်တန် ကျပ် ၂၃၂၄၀၀၀၊ ပဲစင်းငုံနီ (Red/RC)တစ်တန် ကျပ် ၂၁၅၀၀၀၀ နှုန်းရှိသည်။

**ကြက်သွန်နီ**

ပြည်တွင်းကြက်သွန်နီအလုံးကြီး တစ်ပိဿာကျပ် ၂၈၀၀၊ တရုတ်ကြက်သွန်နီအလုံးကြီး ကျပ် ၁၈၀၀ အထိ ဈေးကျခဲ့ရာမှ စက်တင်ဘာ ၁၇ ရက်တွင် ဈေးပြန်လည်မြင့်တက်လာသည်။ စက်တင်ဘာ ၂၀ ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၇၂၀၀၀၊ ၂၁ ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၁၂၀၀၀၀ ဝင်ရောက်လာခဲ့သည်။ စက်တင်ဘာ ၂၁ ရက်က ဆိပ်ဖြူကုန်စည်ဒိုင်တွင် တစ်ပိဿာ အမြင့်ဆုံးဈေးကျပ် ၂၉၀၀၊ ပခုက္ကူကုန်စည်ဒိုင်တွင် ကျပ် ၃၁၀၀ နှုန်းရှိပြီး တရုတ်ကြက်သွန်နီ (ပြန်လည်သန့်စင်ပြီး) တစ်ပိဿာ ကျပ် ၂၅၀၀ ဖြစ်လာခဲ့သည်။

**ကြက်သွန်ဖြူ/အာလူး/ငရုတ်**

ရှမ်း(အောင်ပန်း) ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၂၈၀၀-၃၂၀၀-၃၅၀၀-၄၀၀၀၊ ကြူကုတ်တစ်ပိဿာ ကျပ် ၃၉၀၀ နှုန်းရှိရာမှ ဈေးနှုန်းများကျဆင်းလာသည်။ တရုတ်အာလူးသည် လက်ကား တစ်ပိဿာကျပ် ၂၅၀၀ အထိ ဈေးမြင့်ခဲ့ရာမှ စက်တင်ဘာ ၁၉ ရက်တွင် ကျပ် ၂၁၅၀၊ စက်တင်ဘာ ၂၁ ရက်တွင် ကျပ် ၂၀၅၀ နှုန်းသာရှိသည်။ ရှမ်းအောင်ပန်းအာလူးမှာ ကျပ် ၁၄၅၀ - ၁၅၅၀- ၁၆၅၀ နှုန်း ရှိသည်။ ငရုတ်ဈေးနှုန်းလည်း ကျဆင်းလာခဲ့ပြီး ယခင်က ပျမ်းမျှလက်ကား တစ်ပိဿာကျပ် ၁၉၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ စက်တင်ဘာ ၂၁ ရက်တွင် ကျပ် ၁၇၀၀၀ ဝန်းကျင်သို့ ဈေးနှုန်းပြန်လည်ကျဆင်းလာသည်။

**စားအုန်းဆီ**

စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင် ရည်ညွှန်းလက်ကားဈေးမှာ စားအုန်းဆီတစ်ပိဿာကျပ် ၄၆၉၀ ဖြစ်ရာ ယခင်သီတင်းပတ်ထက် တစ်ပိဿာ ကျပ် ၄၀ ဈေးကျလာသည်။ ရန်ကုန်ပြင်ပဆီဈေးကွက် လက်ငင်းအလှယ်ဆီလက်ကားဈေးနှုန်းများမှာ အတက်အကျ ထပ်မံကြမ်းလာပြန်သည်။ စက်တင်ဘာ ၁၄ ရက်က အလှယ်လက်ငင်း လက်ကားတစ်ပိဿာ ပီပါဈေးကျပ် ၇၆၀၀-၇၈၀၀ ရှိရာမှ စက်တင်ဘာ ၁၇ ရက်တွင် ကျပ် ၈၈၀၀-၈၉၀၀ နှုန်းသို့မြင့်တက်လာသည်။ သို့သော် စက်တင်ဘာ ၁၉ ရက်တွင် ကျပ် ၈၅၀၀ - ၈၆၀၀၊ စက်တင်ဘာ ၂၁ ရက်တွင် ကျပ် ၇၉၀၀ - ၈၀၀၀ နှုန်းသို့ ပြန်လည်ကျဆင်းလာပြန်သည်။

**အောင်ခင်နိုင်**

# ယူရိုဇုန်၌ ငွေကြေးဖောင်းပွမှုတိုးမြင့်လာ၍ အတိုးနှုန်းများ ထပ်မံမြင့်တက်လာ

European Central Bank (ECB) သည် ယူရိုဇုန်အတိုးနှုန်းကို ၀ ဒသမ ၇၅ ပွိုင့်အထိ စက်တင်ဘာ ၈ ရက်က တိုးမြှင့်လိုက်ကြောင်း သိရသည်။ ယူရိုဇုန်ဒေသ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဇူလိုင်လက ၈ ဒသမ ၉ ရာခိုင်နှုန်းမှ ဩဂုတ်လတွင် ၉ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီးနောက် ECB က အတိုးနှုန်း ထပ်မံမြှင့်တင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယခုတိုးမြှင့်ခြင်းသည် ဇူလိုင်လအတွင်းက ၀ ဒသမ ၅၀ ပွိုင့် တိုးမြှင့်ခဲ့ပြီးနောက်ပိုင်း ဒုတိယအကြိမ်တိုးမြှင့်ခြင်းဖြစ်သည်။

ECB တွင် အဖွဲ့ဝင် ၂၅ ဦးရှိပြီး မူလရည်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်း ၂ ရာခိုင်နှုန်းထက် များစွာမြင့်မားနေခြင်းကြောင့် ဆက်လက်၍ အတိုးနှုန်းများကို တိုးမြှင့်ဖွယ်ရှိကြောင်း ECB က ထုတ်ပြန်ခဲ့သည်။ ယခုတိုးမြှင့်လိုက်မှုအရ အပ်ငွေပေါ်အတိုးနှုန်း ၀ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်ပြီး ဘဏ်ချေးငွေပေါ် အတိုးနှုန်းမှာ ၁ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်သည်။

ဈေးနှုန်းများ မြင့်တက်မှုသည် စွမ်းအင်ဈေးနှုန်းများအပြင် စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု ဈေးနှုန်းများ အားလုံးမြင့်တက်လာမှုကြောင့်ဖြစ်သည်။ ECB ၏ အတိုးနှုန်းတိုးမြှင့်မှုသည် အမေရိကန်နိုင်ငံနှင့် အခြားဖွံ့ဖြိုးပြီးနိုင်ငံများတွင် တိုးမြှင့်မှုထက် နောက်ကျနေကြောင်း ဝေဖန်ပြောဆိုမှုများရှိနေသည်။

ECB နှင့် ကမ္ဘာ့အနောက်ခြမ်းနိုင်ငံများရှိ ဗဟိုဘဏ်များတွင် စီးပွားရေးတိုးတက်မှုရရှိရန်နှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်တွင် ထိန်းထားနိုင်ရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေး အကျပ်အတည်းကာလအပြီး နောက်ပိုင်းကာလများမှစတင်၍ အတိုးနှုန်းကို သုညရာခိုင်နှုန်းဝန်းကျင်တွင် ထားရှိခဲ့ကြရာ စီးပွားရေးတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုနှုန်းများကို ထိခိုက်မှုမရှိစေဘဲ ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းကာလများအတွင်း ယခင်ကဲ့သို့ ထိန်းညှိနိုင်ခြင်းမရှိဘဲ အတိုးနှုန်းများ မြှင့်တင်လာရသည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဂျာမန်ဖက်ဒရယ်ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner က ပါလီမန်၌ မိမိတို့တွင် စီးပွားရေးအရ ကြီးမားသည့် စိန်ခေါ်မှုများနှင့် တွေ့ကြုံနေရသည့် အခြေအနေဖြစ်ကြောင်း၊ ဦးစွာ ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ကျစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ECB President Ms.Christine Lagarde ကလည်း နောက်ထပ် အစည်းအဝေးများစွာပြုလုပ်၍ အတိုးနှုန်းမြှင့်တင်ရေးအတွက် ဆွေးနွေးသွားရန်ရှိကြောင်း၊ မူလရည်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်းအတိုင်း ပြန်ရောက်ရန်လိုအပ်ကြောင်း၊ ယူရိုဇုန်ဒေသစီးပွားရေးမှာ ကျဆင်းလာနေပြီး ယခုနှစ်ကုန်ပိုင်းနှင့် ၂၀၂၃ ခုနှစ် အစောပိုင်းကာလများတွင် ရပ်တန့်နေမည့် အလားအလာတွင် ရှိနေကြောင်း ပြောသည်။ ယူရိုဇုန် စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၂၂ ခုနှစ်အတွက် ၃ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် ၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၁ ဒသမ ၉ ရာခိုင်နှုန်း ခန့်မှန်းထားရှိကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။






## ဆော်ဒီအာရေဗီးယားနိုင်ငံက သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အများစုကို ပြည်ပမှတင်သွင်း

**ရီယက်ဒ် စက်တင်ဘာ ၂၃**

ကမ္ဘာ့ဈေးကွက်တွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို အဓိကတင်သွင်းသူဖြစ်သည့် ဆော်ဒီအာရေဗီးယားနိုင်ငံသည် ၎င်း၏ ဈေးကွက်ရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ ၇၂ ဒသမ ၄ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းခဲ့ကြောင်း သိရသည်။ Euromonitor ၏ အချက်အလက်များအရ ဆော်ဒီအာရေဗီးယားနိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးကွက်မှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်ရှိပြီး အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့၌ အဆင့် (၄) နေရာတွင် ရပ်တည်လျက်ရှိသည်။ သို့သော် ယခုနှစ်အတွင်း ဆော်ဒီအာရေဗီယားသည် ပြည်တွင်း၌ထုတ်လုပ်သည့် ထွက်ကုန်များကို ပြည်ပမှတင်သွင်းမှုအပေါ် အခွန်နှုန်းထားများ မြှင့်တင်ခဲ့သဖြင့် ခရမ်းသီး၊ သခွားသီး၊ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ဖရဲသီး၊ သခွားမွှေး၊ မုန်လာဥနီစသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် သွင်းကုန်များအတွက် အခွန်နှုန်းထား ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ တိုးမြှင့်လာခဲ့သည်။

၂၀၂၁ ခုနှစ်က စပိန်နိုင်ငံသည် ဆော်ဒီအာရေဗီးယားနိုင်ငံသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ၅၀၁၅၅ တန်၊ (တန်ဖိုးအားဖြင့် ယူရို ၅၆ ဒသမ ၅ သန်းဖိုး) တင်ပို့ခဲ့ရာ ဆော်ဒီဈေးကွက်သည် စပိန်နိုင်ငံအတွက် ဥရောပပြင်ပ၌ အရေးအကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်လာခဲ့ပြီး ယခုနှစ် စက်တင်ဘာ ၁၂ ရက်က စတင်ကျင်းပခဲ့သည့် World Fresh Forum တွင် ဆော်ဒီအာရေဗီးယားနိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးကွက် အလားအလာနှင့် အခွင့်အလမ်းများကို ထည့်သွင်းဆွေးနွေးခဲ့ကြရာ၌ ဆော်ဒီအာရေဗီးယား၊ ဗီယက်နမ်၊ ကနေဒါနှင့် ယူအေအီးနိုင်ငံဈေးကွက်များကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း Myantrade တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

## ဗြိတိန်ငွေကြေးဖောင်းပွမှုကြောင့် နှစ် ၄၀ ခန့်အတွင်း ပေါင်တန်ဖိုးအနိမ့်ဆုံးရောက်

**လန်ဒန် စက်တင်ဘာ ၂၃**

ငွေကြေးတန်ဖိုးကျဆင်းလာသည့် နိုင်ငံများအနက် ဗြိတိန်နိုင်ငံလည်း အပါအဝင်ဖြစ်ပြီး ပေါင်စတာလင်ငွေသည် နှစ်ပေါင်း ၄၀ ခန့်အတွင်း အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် အနိမ့်ဆုံးဈေးတစ်ခုသို့ပင် ရောက်ရှိခဲ့ရကြောင်း သိရသည်။

**၁၉၈၅ နောက်ပိုင်းအနိမ့်ဆုံး**

ကိုဗစ်-၁၉ကြောင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန် ကျဆင်းရခြင်းအပြင် စီးပွားရေးကျုံ့ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ငွေကြေးဖောင်းပွမှုမြင့်လာခြင်းစသည့် အခက်အခဲများကြောင့်ဖြစ်ပြီး လက်ရှိတွင် ဗြိတိန်နိုင်ငံ၏ ပေါင်ငွေကြေးသည် ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် အမေရိကန်ဒေါ်လာနှင့် လဲလှယ်ပါက တန်ဖိုးအနိမ့်ဆုံးအခြေအနေကို ရောက်ရှိလာခဲ့ကြောင်း၊ ဗြိတိန်တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၁ သာ ရရှိနိုင်တော့ကြောင်း ယခုလလယ်ပိုင်းတွင် သတင်းများက ဖော်ပြကြသည်။

ဗြိတိန်နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကာလမှာ ကာလကြာရှည်နိုင်သေးပြီး ပြန်လည်နာလန်ထူလာရန်အတွက် တစ်နှစ်ကျော်ခန့် ကြာမြင့်နိုင်မည်ဟု ကျွမ်းကျင်သူများနှင့် ဗြိတိန်ဗဟိုဘဏ်က ခန့်မှန်းထားသည်။

## မလေးရှားလယ်ယာထွက်ကုန်များ ပြည်တွင်းဖူလုံမှု ရာနှုန်းပြည့်ကျော်လွန်ဟုဆို

**ကွာလာလမ်ပူ စက်တင်ဘာ ၂၃**

၂၀၂၁ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းအမယ် ၂၆ မျိုးအတွက် ပြည်တွင်းဖူလုံမှုအချိုး (Self-Sufficiency Ratio-SSR) မှာ ၁၀၀ ရာခိုင်နှုန်းကျော်သို့ စံချိန်တင်ရောက်ရှိခဲ့ကြောင်း မလေးရှားနိုင်ငံ စာရင်းအင်းဌာန (Department of Statistics Malaysia-DOSM) က ဖော်ပြထားသည်။ DOSM က ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်နေ့စွဲဖြင့် ထုတ်ပြန်သည့် စာရင်းဇယားများအရ မလေးရှားနိုင်ငံ၌ သစ်သီးဝလံ ၁၄ မျိုးအနက် ၁၀ မျိုးသည် ပြည်တွင်းဖူလုံမှုအချိုး ၁၀၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး သင်္ဘောသီး ၁၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ ဖရဲသီး ၁၃၉ ဒသမ ၅ ရာခိုင်နှုန်း၊ ပိန္နဲသီး ၁၁၀ ဒသမ ၈ ရာခိုင်နှုန်း ရှိခဲ့သည်။

သို့ရာတွင် မလေးရှားနိုင်ငံ၌ သရက်သီး စိုက်ပျိုးထုတ်လုပ်နိုင်မှုသည် ၂၀၂၀ ပြည့်နှစ်က ၂၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၁၆ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ပြည်တွင်းဖူလုံမှုအချိုး အနိမ့်ဆုံး ဖြစ်ခဲ့သည်။



မလေးရှားနိုင်ငံ၏ ဟင်းသီးဟင်းရွက်အမယ် ၁၀ မျိုးအနက် ခုနစ်မျိုးသည် ပြည်တွင်းဖူလုံမှုအချိုး ၁၀၀ ရာခိုင်နှုန်းကျော်သို့ ရောက်ရှိခဲ့ပြီး ခရမ်းချဉ်သီးမှာ ၁၁၈ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ပြည်တွင်းဖူလုံမှုအချိုး အမြင့်ဆုံးဖြစ်ကာ ငရုတ်သီးမှာ ၂၉ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ပြည်တွင်းဖူလုံမှုအချိုး အနိမ့်ဆုံးဖြစ်ခဲ့သည်။

အခြား လယ်ယာထွက်ကုန်သီးနှံများတွင် မလေးရှားနိုင်ငံ၏ ကြံသီးနှံပြည်တွင်းဖူလုံမှုအချိုးမှာ ၁၄၉ ဒသမ ၄ ရာခိုင်နှုန်း၊ ပီလောပီနံ ဖူလုံမှုအချိုး ၁၀၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်။ မွေးမြူရေးထွက်ကုန်များအနေဖြင့် ဘဲသား ၁၃၀ ဒသမ ၆ ရာခိုင်နှုန်းနှင့် ကြက်သား၊ ကြက်ဥ ၁၁၄ ဒသမ ၄ ရာခိုင်နှုန်းတို့ဖြင့် ပြည်တွင်းဖူလုံမှုအချိုး ရှိခဲ့သည်။

DOSM က ထုတ်ပြန်သည့် စာရင်းဇယားများအရ မလေးရှားနိုင်ငံ၌ ငါးအမျိုးအစား ၁၃ မျိုးတွင် ရေချိုငါးခူ၊ ကဏန်း၊ ငါးကွမ်းရှပ် (mackerel)၊ ပုစွန်၊ ငါးနုသန်း (silver catfish) စသည့် ငါးအမျိုးအစား ငါးမျိုးအတွက် ပြည်တွင်းဖူလုံမှုအချိုး ၁၀၀ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဓမ္မစေတီထေရဝါဒပရိယတ္တိ စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခကျောင်းတိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံ ပထမရွှေကျင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်(စက်မှု)၊ မဟာအောင်မြေမြို့နယ်ရှိမြတောင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မစိုးရိမ်ရွှေကျင်ကျောင်းတိုက် (ရှစ်မိုင်)နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မဟာဝိဇိတာရာမပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**



## သီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၁)ရပ်ကွက် သလ္လာဝတီ သီလရှင်စာသင်တိုက်ရှိ စာသင်သား သီလရှင် ဆရာကြီး၊ ဆရာလေးများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလအတွင်း နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ဟိုပန် စက်တင်ဘာ ၂၃**

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်နှင့် အဖွဲ့ဝင်များသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၈ နာရီက ဟိုပန်မြို့နယ်တွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။ (ယာပုံ)



ရှေးဦးစွာ မိန်းပန်း (ရှမ်း) အမက (မူလွန်) ကျောင်းတွင် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ပေ (၁၂၀ x ၃၀) Steel Stru-cture တစ်ထပ်အဆောက်အအုံ ဆောက်လုပ်မှုကို လည်းကောင်း၊ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မန်ကောင်းရပ်ကွက် စောမဟာလမ်းသွယ်ကွန်ကရစ်လမ်း (၂၁၅x ၁၂ ပေ ၊ ခြောက်လက်မ)ဆောင်ရွက်ပြီးစီးမှုနှင့် အောင်မေတ္တာလမ်းကွန်ကရစ်ခင်းခြင်း (၃၃၅ x ၁၂ ပေ၊ ခြောက်လက်မ)လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပြည်သူဆေးရုံဝင်းအတွင်း Transformer တည်ဆောက်ခြင်းလုပ်ငန်း၊ တိုးချဲ့ကျောက်စီမြေကာနံရံ ပေ ၅၀ တည်ဆောက်ခြင်းလုပ်ငန်း၊ အမိုးလဲလှယ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြို့မအားကစားကွင်းအတွင်း မြေထိန်းနံရံ ပေ(၅၀၀ x ၃၆)ပေ တည်ဆောက်ခြင်းလုပ်ငန်း၊ ဂါလန် ၁၅၀၀၀ ဆံ့ရေလှောင်ကန် ပြုပြင်ခြင်းလုပ်ငန်း၊ မီတာ ၄၀၀ ပြေးလမ်းပြုပြင်ခြင်း လုပ်ငန်းတို့ကို လည်းကောင်း၊ လမ်းဦးစီးဌာန ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် စံပြကျေးရွာလမ်း မိုင်(၂/၁-၂/၂) အတွင်း မြေသား တာပေါင်တင်ခြင်းနှင့် ကျောက်ရောမြေ သုံးလက်မထု တင်ခြင်းလုပ်ငန်း၊ RCC Box Culvert တစ်စင်း တည်ဆောက် ခြင်းလုပ်ငန်းတို့ကို ကြည့်ရှု စစ်ဆေးရာ သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။ တင်ပြချက်များနှင့် ပတ်သက်၍ ဥက္ကဋ္ဌက အဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ စနစ်တကျ ဆောင်ရွက်ပေးရန်၊ စံချိန်စံညွှန်းမီ သည့် ပစ္စည်းများကို အသုံးပြုရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အချက်အလက်များကို ပြည်သူများ သိရှိအောင် ဆိုင်းဘုတ်စိုက်ထူထားရှိပေးရန် မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့သည် နမ့်တိန်ချောင်းတွင် အကျယ် ၂၈ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ တံတားသစ်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့် သင်တန်း အမှတ်စဉ် (၂၂) သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့် သင်တန်းအမှတ်စဉ် (၂၂) ၏သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ(ဌာနမှူး) များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာနိုင်ငံဝန်ထမ်းအဖွဲ့အစည်းအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ရုံးအုပ်နှင့် ဌာနခွဲစာရေး





အဆင့်ရှိစာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့် သင်တန်းအမှတ်စဉ် (၂၂) မှ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၅၁ ဦး စုစုပေါင်း ၈၂ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင်နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး (အပေါ်ပုံ) သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းကို ဇူလိုင် ၁၈ ရက်မှ စက်တင်ဘာ ၂၃ ရက်အထိ ရက်သတ္တပတ် ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အိမ်ထောင်စု လူဦးရေစာရင်းများ ပထမအကြိမ်စစ်ဆေး

**လယ်ဝေး စက်တင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းများကို ပထမအကြိမ် စစ်ဆေးခြင်းလုပ်ငန်းများ စက်တင်ဘာ ၂၀ ရက်မှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒက္ခိဏသီရိမြို့နယ်ရုံး၌ ဆောင်ရွက်သည်။

အဆိုပါ မြို့နယ်အတွင်းရှိ အိမ်ထောင်စုများမှ သေဆုံး၊ ပြောင်းထွက်သွားသူများ၊ လူဦးရေထပ်နေသူများ၊ အခြားဒေသသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူများ၊ ခရီးလွန်နေသူများ စသည်တို့ကို အိမ်ထောင်စုလူဦးရေစာရင်းနှင့်တိုက်ဆိုင်စစ်ဆေးကာ မှန်ကန်သည့် လူဦးရေစာရင်းရရှိရေးအတွက် လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ လယ်ဝေးခရိုင်လဝကဦးစီးမှူး ဒေါ်မြင်မြင့်သက်၊ ဒက္ခိဏသီရိမြို့နယ် လဝကဦးစီးမှူး ဦးအုန်းကျော်တို့က ကြီးကြပ်၍ မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများနှင့် ရပ်/ကျေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဒက္ခိဏသီရိမြို့နယ်အတွင်း ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာပေါင်း ၂၉ ရွာတွင် အိမ်ထောင်စုပေါင်း ၈၅၀၂ စုအား စာရင်းသွင်းပြီးစီးကာ ပထမဆုံးအကြိမ်အဖြစ် အိမ်ထောင်စုလူဦးရေ စာရင်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၉-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(အင်္ဂုလိမာလသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ရှားခရီးစဉ်အပေါ်မီဒီယာသမားများ၏အမြင်
**၀၉:၁၀** နဝင်္ဂဥပေါသထသီလခံယူတည်ဆောက်ခြင်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၀** တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ
**၁၂:၃၀** 'သင့်သဘောအတိုင်းဖါပဲ' တရားတော်
**၁၃:၃၀** MRTV National News
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'တတိဝကား'**
**၁၆:၅၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၁၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၄၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ဝင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်နှင့် တွေ့ဆုံမေးမြန်းခြင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါး အချစ်ချိုချို'** (အပိုင်း-၁၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** (၇)ကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ် အပေါ်လေ့လာသုံးသပ်ခြင်း(အပိုင်း-၁)
**၂၁:၁၅** **(၃၀)ဖြာမဏ်လာ** (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) **'သုဘာသိတာဝယာဝါစ'** နှင့် **'နိဗ္ဗာနသစ္စာကိရိယာ၀'**
**၂၂:၁၀** ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

**mitv**

**07:01** Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
**07:11** Weekly Review
**07:27** Lines & Wash Painting
**07:35** School for the Blind
**07:41** Myanmar Designer Studio: Kyaw Swar
**08:01** News
**08:26** Discovering Tribes: Yin Net Tribe - Their Life and Customs
**08:53** Fortune Teller: "Yan Moe Aung"
**08:59** Quiz Time
**10:26** Global Partnership for Brighter Future: Papua New Guinea Pavilion at Expo 2020 Dubai
**10:34** Xylophones' Home
**10:55** Goldsmith

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ
**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တာရွှန်းရိုးရာတောင်တက်ကပွဲ
**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းပြည်နယ်၏အလှအပများ
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ရာမညမြေမှအမွေအနှစ်များ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၀)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ခေတ်သစ်ရှမ်း(တိုင်းလုံ၊မောရှမ်း၊ဂုံရှမ်း၊တိုင်းနေ) တို့၏ဝတ်စားဆင်ယင်မှုများ(Fashion Show)
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
စကောထမင်းဟင်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
မြတ်နိုးဖွယ်ရာဝါးလက်ရာ
**ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တိမ်တိုက်ကြားကဘောဂလီမြို့
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
စားလို့ကောင်းတဲ့ရဲယိုရွက်ငါးပေါင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** လန်းဆန်းပေါ့ပါးဖို့ရည် နန့်မွှန်ကြီးဆီ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တောင်းပန်ပါတယ်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** ဆန်စပါးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် လေလွင့်ဆုံးရှုံးမှု လျော့ချရေးကြိုးပမ်းမှုများ
**၀၇:၀၀** တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာယူရီးယားမြေဩဇာ
**၀၇:၄၅** သီးနှံအရည်အသွေးမှန်ကန်နိုင်ရေး နည်းစနစ်ကျကျစိုက်ပျိုးပေး
**၀၈:၁၅** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၉:၅၀** တစ်ပိုင်တစ်နိုင် ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal



## လားရှိုးတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံတို့၌ စုပေါင်းသွေးလှူဒါန်း

**လားရှိုး စက်တင်ဘာ ၂၃**

(၅၈) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) အမှတ် (၉) တပ်မတော်ဆေးရုံ ခုတင် (၁၀၀) နှင့် လားရှိုး ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်များတွင် စုပေါင်း သွေးလှူဒါန်းသည်။

သွေးလှူဒါန်းခြင်းသို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး (လားရှိုး) ရဲမှူးကြီး အောင်မြင့်နိုင်၊ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းသိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး ရှမ်းပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြင့်နိုင် ကြီးကြပ်မှုဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့စုများမှ တပ်ဖွဲ့ဝင်အင်အား စုစုပေါင်း ၆၀ တို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ **(အပေါ်ပုံ)** ရှမ်းပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့် အစားအစာများ ပေးအပ်သည်။

**စိုင်း(သီပေါ)**

(၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြောင်း ရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူးဦးစီးသော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက်က ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာ အုပ်စုရှိ အခြေခံပညာအထက်တန်း ကျောင်းခွဲတွင် ပြည်သူ့အကျိုးပြုလုပ်ငန်း အဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

စိုးဝင်း(ကျောက်တန်း)



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၉ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၁၉၆၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၁၉၆၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၇၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၆၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၃၀ ကျပ် | ၂၇၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၁၅ ကျပ် | ၂၈၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၂၀ ကျပ် | ၂၃၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၇၄ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၆ . ၀၆၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၈ . ၆၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၄ . ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၅ . ၉၃၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၅၀၀ | ၁၂၈၈ | ၁၂၂၃၆၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၉၇၈၃ | ၃၄၇၂၉၆၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၆၇ | ၁၃၄၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၅၀ | ၅၁၀ | ၁၄၂၈၅၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၅၃ | ၆၈၃၁၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၃**
တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်း ပေးအပ်လျက်ရှိသည်။



ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမနှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေး ခန်းမတို့၌ ပြန်လည်ကြိုဆို လက်ခံခြင်း အခမ်းအနားများကို ကျင်းပကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် သာစည်မြို့နယ်အတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး တို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၃**
အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရခိုင်ပြည်နယ် မြောက်ဦးမြို့ လက်ကောက်ဈေးရပ်ကွက်နေ မြတ်သူထွန်း (ခ) ဖိုးသီဟသည် ၎င်းအသုံးပြုသည့် “Myat Thu Htun” Facebook အကောင့်သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**
မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)ကို ယမန်နေ့က နေပြည်တော်ဟိုတယ်ဇုန်ရှိ မန်းမြန်မာဟိုတယ်၌ ကျင်းပသည်။**(အပေါ်ပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီးဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အစည်းအဝေးသို့ ကိုယ်တိုင်မတက်ရောက်နိုင်သူများက အွန်လိုင်းမှ ပါဝင် တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးပထမပိုင်းအနေဖြင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက် ဩဝါဒစကား ပြောကြားရာတွင် အလုပ်ဟူသည် ဂုဏ်ဟုခံယူထားသည့်အတွက် မိမိတို့ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များကို မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပါက အမြဲတမ်းဂုဏ်ရှိနေမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ပါက မတိုးတက်စရာမရှိပါကြောင်း ပြောသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက တစ်ဦးချင်း မိတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြကာ အစည်းအဝေးပထမပိုင်းကို ရပ်နားလိုက်သည်။

ထို့နောက် အစည်းအဝေးဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီးဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကောင်စီအတွင်းရေးမှူး ဆရာဦးဝင်းဇော်က အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြကြောင်း သိရသည်။

**ထွန်းထွန်း**

# ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်-မန္တလေးသွား ကားလမ်း အောင်ချမ်းသာ ကျေးရွာအနီးတွင် မိုးကုတ်မှ ပြင်ဦးလွင်ဘက်သို့ ထွန်းနိုင်ဦး(ခ)ထွန်းနိုင် မောင်းနှင်ပြီး လှမြင့် လိုက်ပါလာသည့် Canter ၆ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာတွင် ဘိန်းဖြူများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မခင်အေးဝိုင်း (ခ)ခင်ဝိုင်းအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်း ဒေသကြီးသို့



သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# MNL-2 ပွဲကျန်တွင် Junior Lions အသင်း ဂိုးပြတ်နိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**
၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) မှ ရွှေ့ဆိုင်းထားသော Junior Lions အသင်းနှင့် ယောမြေအသင်းပွဲကို စက်တင်ဘာ ၂၃ ရက်က သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၁ ၌ ပြန်လည်ယှဉ်ပြိုင်ကစားရာ Junior Lions အသင်းက ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

Junior Lions အသင်းသည် ဇယားအောက်ဆုံးမှ ယောမြေအသင်းကို ဂိုးပြတ်သွင်းယူကာ အမှတ်ပေးဇယား တတိယနေရာသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သည်။ ယခုပွဲမှာ Junior Lions (ခ) မြန်မာ ယူ-၁၉ အသင်း၏ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကြောင့် ရွှေ့ဆိုင်းထားသည့်ပွဲဖြစ်ပြီး ယခု ပြန်လည်ကစားခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် Junior Lions အသင်းက ငါးပွဲကစား ကိုးမှတ်ရထားပြီး ယောမြေအသင်းမှာမူ ခြောက်ပွဲကစား ခြောက်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **ရဲရင့်လွင်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၁ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းကျင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | | | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၆၃ စုံ | ၄၃၇ စုံ |

